မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၇၇)

ခိုင်မာသော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်သစ် ကူးပြောင်းရေးလုပ်ငန်းများအား ဖျက်လိုဖျက်ဆီး နှောင့်ယှက်နေကြသည့် အဖျက်အမှောင့်အန္တရာယ်များကို ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပါဝင်ပူးပေါင်းကာကွယ်တိုက်ဖျက်

အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေး ပံ့ပိုးကူညီဆောင်ရွက်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဇူလိုင် ၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့အဆင့်ဆင့် ကျစ်လျစ် ခိုင်မာစွာ ဖြစ်ထွန်းနေရေး၊ အဖွဲ့ဝင်အင်အား တိုးပွားအောင် စည်းရုံး ဆောင်ရွက်ရင်း အရည်အချင်းပိုင်း တိုးတက်ခိုင်မာအောင် လေ့ကျင့် ပေးရေး၊ အဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ တိုးတက်ဖြစ်ထွန်းရေး အတွက် စည်းရုံးဆောင်ရွက်ရေး အလေးထားဖော်ဆောင်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၉ ရက်)

အမျိုးသားရေးအတွက် ယဉ်ကျေးမှုကိုယ်ခံအားကောင်းစေမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး

၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၇ ရက်နေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင် စသော အနုပညာရပ်များ အရှည်တည်တံ့ပြီး ပြည်နယ်၊တိုင်း ဒေသအားလုံး၌ အခြေခိုင်မာတည်တံ့ ပြန့်ပွားရေး၊ မြန်မာ့အနုပညာရပ်များကို လက်ဆင့်ကမ်း သယ်ဆောင်သွားမည့် အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ထာဝစဉ်ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များဖြင့် ၁၉၉၃ခုနှစ်မှ စတင်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်က ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီး၏ အနှစ်သာရမှာ သမိုင်းအစဉ်အလာ ကြီးမားသည့် မြန်မာတို့၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မြန်မာ့လွတ်လပ်ရေး နှင့်အတူ ယှဉ်တွဲပြီး ထာဝစဉ်ရှင်သန်တည်တံ့ အစွန့်ရှည်ခိုင်မြဲစေရန် ထိန်းသိမ်းမြှင့်တင်ပေးရေးပင် ဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းနိုင်ခြင်းမရှိပါက မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် အမျိုးသားရေးစိတ်ဓာတ်များ မေးမှိန်ပျောက်ကွယ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သည့် အခြေအနေများကို ကြုံတွေ့နိုင်ပေသည်။

မျက်မှောက်ကာလတွင် Globalization လှိုင်းဂယက်၏ ရိုက်ခတ်လွှမ်းမိုးမှုကြောင့် နိုင်ငံ အများစုသည် မိမိတို့၏ ပင်ကိုအမျိုးသားရိုးရာ ယဉ်ကျေးမှုများကို အစွမ်းကုန် ကြိုးပမ်းထိန်းသိမ်း နေကြရသည့်ကာလ၌ အမျိုးသားရေးအတွက် ယဉ်ကျေးမှုကိုယ်ခံအားကောင်းရန် ပိုမိုလိုအပ်လျက် ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားရရှိ စေရန်နှင့် အမျိုးသားရေးအတွက် ယဉ်ကျေးမှုကိုယ်ခံအားကောင်းစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိ ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက ထိရောက်အောင်မြင်စွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမ ဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း(မူလကျောင်း ဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံ များ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်း မြို့နယ် အမှတ် (၂၁) ရွှေတောင်ကြားရိပ်သာ ငွေဝတ်မှုံရပ်ကွက်နေ သီဟသုဓမ္မသီဂီ ဒေါက်တာဒေါ်ရီရီလှ (မွေးနေ့အလှူ) ကုသိုလ်ကောင်းမှုအတွက် အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တ(ပဲခူး) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကဗ)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ရှန်ဒေါင်းပြည်နယ်မှ ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဒေါင်းပြည်နယ်အစိုးရ အဖွဲ့မှ Mr. Chen Yanming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၆ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ ဧည့်တွေ့ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကျေးဇူးသိပါ ကလေးရယ် တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၈း၀၅	ဘိန္နကရာဇ်နွယ်ဖွားတို့၏ ကြွင်းကျန်ရစ်သော
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	The Game Guide (GENERALS)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အားလပ်ရက်တစ်နေ့မှာ 'စားချင်ဖွယ်ရာ ဂျင်စင်းဟော့ပေါ့အရသာ'
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	လူတိုင်းအတွက် ရှေးဦးသူနာပြု(၂) (သွေးယိုထွက်မှုများ)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	**မနိုင်သောအရှုံး** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ အေဝမ်းမောင်လှမျိုး)
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	**Celebrity Style** (မေနှင်းခေါင်၊ မေနန်းခေါင်၊ မေထွဋ်ခေါင်တို့နှင့် တွေ့ဆုံခြင်း)
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	သွေးပြန်ကြောအားနည်းရောဂါ အကြောင်း သိကောင်းစရာ (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ ခင်မောင်အေး)
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	မြန်မာ့'အိုး'
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (မြိတ်ကတ်ကြေးကိုက်နှင့် မြိတ်ငါးပိသုပ်ပြုလုပ်ပုံ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၈ ခုနှစ်တွင် ကျရောက်မည့် ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ (၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေမည့်စာရေးဆရာ တက္ကသိုလ်စိန်တင် ရေးသားပြုစုသော T.P.S တိုင်းကျိုးပြည် ကျိုး ဆောင်ဘွဲ့ရ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် အမျိုးသမီးကြီး ဘွားဦးဇွန်း အတ္ထုပ္ပတ္တိ စာမျက်နှာ ၄၃၀ ရှိ လက်ရေးမူစာအုပ်သုံးအုပ်ကို စာရေးဆရာ တက္ကသိုလ်စိန်တင်-စိမ့်(ပညာရေး)တို့က စာမူအတွက် ဥာဏ်ပူဇော်ခမယူဘဲ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်နှင့် အတွင်းရေးမှူး ဦးအောင်သန်းတို့ထံ ဇွန် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကဗ)

မြဝတီရုပ်မြင်သံကြား

၉-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၁။	လျှပ်တစ်ပြက်
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၉)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကာံမရောက်** (အပိုင်း-၄)

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ စည်းဝေး

တိုင်းမှူးပိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၂၁/၂၀၀၇) အစည်းအဝေးကို ဇူလိုင် ၆ ရက် ညနေ ၄ နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးတို့မှ တာဝန်ခံများ တက်ရောက်ကြသည်။

မှာကြား

အစည်းအဝေးတွင် တိုင်းမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ၊ လုပ်ငန်း လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ယင်းနောက် ယခင်ပတ် အစည်းအဝေးမှတ်တမ်းကို အခမ်းအနားမှူးက ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ရွက်ထားရှိမှုနှင့် ယာဉ်တိုက်ခိုက်မှု အခြေအနေများကို သုံးသပ်တင်ပြ၍ ကော်မတီများနှင့် ယာဉ်လိုင်းအသီးသီးတို့မှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နေပြည်တော်ဒေသအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှု လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရေး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးသုတေသနခြံ ဆင်းပဒေသာ(၇) မြေပဲမျိုးပွားစိုက်ခင်း

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဇွန် ၂၈ ရက် နေ့လယ်ပိုင်းက ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးသုတေသနခြံတွင် စိုက်ပျိုးထားသည့် ဆင်းပဒေသာ(၇) မြေပဲမျိုးပွားစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ခြံမန်နေဂျာ ဦးမြင့်အောင်က ဆင်းပဒေသာ(၇) မြေပဲမျိုးပင်များ တစ်တန်းနှင့် တစ်တန်း ၁၅ လက်မ၊ တစ်ပင်နှင့်တစ်ပင် လေးလက်မ အကွာအဝေးဖြင့် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက တာဝန်ရှိသူများအား ယာမြေများတွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးရေးနှင့် ဆောင်းသီးနှံမြေပဲ စိုက်ပျိုးရေးတို့အတွက် လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ တိုင်းမှူးသည် အဖွဲ့ဝင်များလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဝမ်မိုင်ကုန်းမြင့် လယ်ယာခြံစည်းရိုးကြက်ဆူစံပြပျိုးခြံတွင် ခြံစည်းရိုး ကြက်ဆူပျိုးပင် တစ်သိန်း ပျိုးထောင်ထားရှိမှုများနှင့် ခြံစည်းရိုး ကြက်ဆူစံပြ စိုက်ခင်းဧက၁၀၀တွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ၏ ရှင်သန်အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများအား မြို့နယ်များတွင် ခြံစည်းရိုးကြက်ဆူစံပြပျိုးခြံများ ဆောင်ရွက်၍ ဒေသခံပြည်သူများအား စည်းရုံးပြီး သတ်မှတ်ဧကများ ပြည့်မီကျော်လွန်၍ ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ပဲခူးတွင်ကျင်းပ

ရန်ကုန် ဇူလိုင် ၈

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် ကျောင်းသူကလေးများက အမျိုးသမီးဂုဏ်ရည် သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ယင်းနောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် ပဲခူးတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပဲခူးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အမျိုးသမီးရေးရာသက်ငယ်အဖွဲ့ဝင်ကျောင်းသူကလေးများက မြန်မာသမီးတို့ မြန်မာ သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တာဝန်ရှိသူများသည်ခန်းမအတွင်း ခင်းကျင်းပြသထားသော ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုပါဝင်

ထာဝစဉ်ရှင်သန်ထွန်းကားရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးမောင်မောင်သိမ်းနှင့် ဦးသိန်းအောင်၊ ပျဉ်းမနားခရိုင်၊ မြို့နယ်နှင့်တပ်ကုန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းနှင့် ပါမောက္ခများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များတွင် အသင်းကြီးက ယုံကြည်ချက်၊ ခံယူချက် မှန်ကန်စွာဖြင့် ပါဝင်ဆောင်ရွက်နေကြောင်း၊ မိမိဒေသ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် အသင်းဝင်များအနေဖြင့် ကိုယ်တိုင်ပါဝင် ဆောင်ရွက်လျက်ရှိပြီး အခြားသူများအားလည်း လုပ်ကိုင်ဆောင်ရွက်နေကြမှုကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဆိုသည့် စိတ်ဓာတ် အခြေခံပြီး ဆောင်ရွက်နေကြကြောင်း၊

ဝိုင်းဝန်းဆောင်ရွက်

တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံတွင်လည်း ရပ်ရေး၊ ရွာရေး၊ လူမှုရေးတို့ကိုအခြေခံ၍ မိမိတို့၏ ရပ်ရွာ၊ ဒေသတိုးတက်အောင် လူမှုရေးစိတ်ဓာတ်ဖြင့် လုပ်ကိုင်ကြသည့် ဓလေ့ရှိကြောင်း၊ အသင်းကြီး အနေဖြင့်လည်း နယ်မြေအကျိုးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းဝင်အင်အား ၂၄ သန်းနီးပါးရှိသည့် အသင်းဝင်များအနေဖြင့်လည်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြု၍ ပါဝင်ဆောင်ရွက်လျက်ရှိပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်တွင် တည်ငြိမ်မှုရှိရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးမောင်မောင်သိမ်းနှင့် ဦးသိန်းအောင်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပြုလွှာပေး

ထို့နောက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာစောင်ရေ ၆၀၀ ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းက ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အသင်းဝင်များအတွက် အသင်းရင်ထိုး တံဆိပ်များကိုပေးအပ်ရာ စိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ်က အသင်းဝင်များကိုယ်စား လက်ခံသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းက အသင်းဝတ်စုံများကိုပေးအပ်ရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ချိုချိုမြင့်ကလက်ခံသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းအောင်က အသင်းဝင်များအတွက် လက်ဆောင်များကို ပေးအပ်ရာ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခဦးညွန့်ရွှေက လက်ခံသည်။

ထို့နောက်ပါမောက္ခချုပ်ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးသည် အသင်းဝင်များနှင့်အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကြောင်း သိရသည်။

(သတင်းစဉ်)

9-7 (03) 1 7/8/07, 1:34 PM

ဟင်းများများ စားနိုင်ဖို့ သား ငါးတိုးတက် ထုတ်လုပ်စို့

မောင်အောင်(မွေးကု)

၂၀၀၇ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက **"တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်၍ ပညာရည် တိုးတက်မြင့်မားရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာစားသောက်ရန် လိုအပ်ကြောင်း၊ အာဟာရဓာတ်ပြည့်စုံလုံလောက်ရန်အတွက် ဟင်းများများ စားရန်လိုအပ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနက သားငါးများတိုးတက်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ သားငါးထုတ်လုပ်ရာတွင် ပြည်တွင်းစားသုံးမှု ဖူလုံပါက ပိုလျှံသည်များကို ပြည်ပသို့ထုတ်၍ ရောင်းချခြင်းဖြင့် ပြည်ပဝင်ငွေရရှိမည်"** ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်း ပြောကြားသွားသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နို့စားနွားမများကို တွေ့ရစဉ်။

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သားငါးကဏ္ဍဆိုင်ရာ အောက်ပါ လမ်းညွှန်ချက်များအား လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး လိုက်နာဆောင်ရွက်လျက်ရှိပါသည်-

(က) သား၊ ငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်

(ခ) ပုစွန်မွေးမြူရေးလုပ်ငန်းတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်

(ဂ) ကျေးလက်ဒေသ မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဇောက်ချဆောင်ရွက်ရန်

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနသည် အဆိုပါ လမ်းညွှန်ချက်နှင့်အညီ အောက်ပါ မူဝါဒရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) သားငါး မျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးခြင်း

(ခ) နိုင်ငံတော်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း

(ဂ) ပြည်တွင်း၌ သားငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားဝင်ငွေ တိုးတက်ရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း

(ဃ) သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ထွန်းကား လာစေရန် ဆောင်ရွက်ခြင်း

(င) ပုစွန်မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း

(စ) ရေချိုရေငန်၊ ငါး၊ ပုစွန်သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း

(ဆ) ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ရေချိုငါး ပိုမိုတိုးချဲ့ထုတ်လုပ်ရန် နိုင်ငံတော်အတွင်းရှိ ငါးလုပ်ငန်း လုပ်ကိုင်သော ရေပြင်များတွင် ငါးသယံဇာတ တိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း

(ဇ) နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိရစ္ဆာန်နှင့် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားရေး အဆင့်အတန်း မြှင့်တင်ပေးရေးအတွက် ဆောင်ရွက်ခြင်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် ပုစွန်မွေးမြူရေးလုပ်ငန်းကို ရခိုင်ပြည်နယ်၊ ဧရာဝတီ တိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နှစ်စဉ်တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။ ပုစွန်တိုးချဲ့မွေးမြူမှုမှာ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ၈၃၂၁၂ ဒသမ ၉၁ ဧက၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၉၈၉၇၈ ဒသမ ၈၀ ဧက၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၁၂၀၀၀၀ ဧက၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၂၀၄၈၄၈ ဒသမ ၂၅ ဧက၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၂၀၇၃၅၄ ဒသမ ၅၀ ဧက၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၂၂၄၂၆၆ ဒသမ ၅၁ ဧကနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၂၂၄၅၉၁ ဒသမ ၃၃ ဧက မွေးမြူနိုင်ခဲ့ပြီး ပုစွန်စုစုပေါင်း ၄၅၄၄၃ ဒသမ ၆၆ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရေငန်ပုစွန်သားပေါက် စခန်း ၂၀ မှ တစ်နှစ်လျှင် ရေငန်ပုစွန် သားပေါက်ကောင်ရေ ၄၁၈သန်း ထုတ်လုပ်နိုင်သော်လည်း ဝယ်လိုအားအရ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ၁၆၈ ဒသမ ၁၆ သန်း ထုတ်လုပ်ရောင်းချ ပေးခဲ့ပါသည်။ ရေချိုပုစွန်သားပေါက် စခန်း ၁၅ ခုရှိပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကောင်ရေ ၄၃ ဒသမ ၉၂ သန်း ထုတ်လုပ်ရောင်းချပေးခဲ့ပါသည်။

သဘာဝသယံဇာတ မပြုန်းတီးရေးအတွက် ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်မှုကို ဘိုကလေးမြို့နယ် မိန်းမလှကျွန်းအနီး ကျွန်းညိုကြီး ဒီရေတော၊ ထားဝယ်ခရိုင် ကျောက်နီမော်ကျေးရွာ၊ သင်ပုန်းကျွန်း ဒီရေတောနှင့် မြိတ်ခရိုင် ငပုတောမြို့နယ် သဲပုံချောင်းတို့တွင် ပုစွန်သားပေါက် ၁၅၀ ဒသမ ၀၆၃ သိန်း စိုက်ထည့်ပေးခဲ့ပြီး ဒေးဒရဲမြို့နယ် သီလဝါအင်းနှင့် နေပြည်တော်ရှိ ဝန်ကြီးဌာနဆည်များတွင် ရေချိုပုစွန်သားပေါက် ၄ ဒသမ ၅၈၀ သိန်း စိုက်ထည့်ပေးခဲ့ပါသည်။

ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် ရခိုင်ပြည်နယ်မှအပ ကျန်ပြည်နယ်နှင့် တိုင်းများ၌ ငါးမွေးကန် တိုးချဲ့ဆောင်ရွက်မှုမှာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၁၅၅၅၀၉ ဒသမ ၄၇၂ ဧက၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၈၂၄၅၂ ဒသမ ၀၄၆ ဧက၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၂၀၂၁၈၆ ဒသမ ၂၀၉ ဧကနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၂၁၂၂၃၄ ဒသမ ၃၁၅ ဧက တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ စပါး၊ ငါး တွဲဖက်စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ၂၀၀၃-၂၀၀၄ ခုနှစ် စပါးဧက ၅၅၀၀ တွင် ငါးကောင်ရေ ၃၂ ဒသမ ၇၉၉ သိန်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် စပါး ၁၀၆၃၃ ဧကတွင် ငါးသားပေါက်ကောင်ရေ ၄၈ ဒသမ ၃၈ သိန်းနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် စပါး ၁၁၈၃၉ ဧကတွင် ငါးသားပေါက်ကောင်ရေ ၆၀ ဒသမ ၄၂ သိန်း မျိုးစိုက်ထည့်ပေးခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ် စပါး ၁၃၁၂ ဒသမ ၈၀ ဧက၌ ငါးသားပေါက် ၆၅ ဒသမ ၅၄ သိန်းနှင့် ပုစွန်သားပေါက် ၀ ဒသမ ၁၇ သိန်း စိုက်ထည့်ပေးခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စပါးဧက ၁၂၇၃၀ တွင် ငါးမျိုးစိုက်ထည့်ပေးရန် လျာထားပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် ဧရာဝတီမြစ်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၁၈၆၇ ဒသမ ၃၄ သိန်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၉၉၀ ဒသမ ၅၅ သိန်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၂၁၄၉ ဒသမ ၂၅ သိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့ပါသည်။ ဆည်၊ တာတမံ ရေလှောင်ကန်များ၊ သဘာဝမြစ်ချောင်းများ၊ တပ်ရင်း တပ်ဖွဲ့များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် စပါး ငါးမွေးမြူရေးလုပ်ငန်းများအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပေးမှုမှာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၄၂၃၂ဒသမ ၆၆ သိန်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၄၀၄၀ ဒသမ ၁၁ သိန်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၃၇၄၆ ဒသမ ၀၉ သိန်းတို့ ဖြစ်ပါသည်။

မြန်မာလူမျိုး အများစုသည် ကြက်သားကို နှစ်ခြိုက်စွာ စားသုံးကြပြီး ကြက်မွေးမြူရေး တိုးတက်မှုနှင့်ပတ်သက်၍ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကြက်ကောင်ရေ စုစုပေါင်း ၉၃ ဒသမ ၇၃သန်း မွေးမြူခဲ့သည့်အနက် တိုင်းရင်းကြက် ၇၈ ဒသမ ၆၆ သန်း၊ ဥစားကြက် ၉ ဒသမ ၇ သန်း၊ အသားစားကြက် ၅ ဒသမ ၃၇ သန်းပါဝင်ပြီး၊ ကြက်သား ၅၆၁ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကြက်ကောင်ရေ ၁၀၇ ဒသမ ၁၄ သန်း မွေးမြူထားသည့်အနက် တိုင်းရင်းကြက် ၉၁ ဒသမ ၈၇သန်း၊ ဥစားကြက် ၉ ဒသမ ၅၄ သန်း၊ အသားစားကြက် ၅ ဒသမ ၇၃ သန်းပါဝင်ပြီး ကြက်သားတန်ချိန် ၆၅၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် တိုင်းရင်းကြက်နှင့် ဒေသဝက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၏အစီအစဉ်ဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ်မှစ၍ ပြည်နယ်၊ တိုင်းတစ်ခုလျှင် တိုင်းရင်းကြက်အတွက် ငါးသိန်းနှင့် ဒေသဝက်အတွက် ၁၅ သိန်း၊ စုစုပေါင်း သိန်း၂၀ ကို သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊မွေးမြူရေးဘဏ်ကော်မတီနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ အစီအစဉ်ဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ တစ်နှစ်လျှင် ငွေကျပ်သိန်း ၃၄၀ နှုန်းဖြင့် သုံးနှစ်ဆက်တိုက် ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါသည်။ ကြီးကြပ်မှု အဖွဲ့သည် မွေးမြူလိုသူများအား သုံးလသားအရွယ် ကြက်ဖတစ်ကောင်နှင့် ကြက်မ ၁၀ ကောင် ပေါင်း ၁၁ ကောင်ကို အခမဲ့ ဖြန့်ဖြူးပေးခဲ့ပြီး ရှစ်လပြည့်လျှင် သုံးလသားအရွယ် ကြက်ဖနှစ်ကောင်နှင့် ကြက်မ ၁၅ကောင် ပေါင်း ၁၇ ကောင် ပြန်လည်ရယူပြီး ဆက်လက်၍ အခြားမွေးမြူသူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြစ်ပါသည်။

ဝက်မွေးမြူရေးတွင်လည်း သုံးလသားအရွယ် ဝက်ငယ်တစ်ကောင်ကို မွေးမြူလိုသူများအား အခမဲ့ဖြန့်ဖြူးပေးပြီး တစ်နှစ်ပြည့်လျှင် ၎င်းထံမှ သုံးလသားအရွယ် ဝက်ငယ်တစ်ကောင်ကိုသာ ပြန်လည်ရယူပြီး အခြားမွေးမြူသူများ ပြန်လည်၍ အခမဲ့ဖြန့်ဖြူးပေးခြင်းဖြစ်ပါသည်။ မူလမွေးမြူသူများသည်၎င်းတို့ထံ၌ ပွားများသည့် ကြက်၊ ဝက်များ ဆက်လက်မွေးမြူသွားရန်ဖြစ်ပါသည်။

မွေးမြူရေးဘဏ်စနစ်ကို ပြည်နယ်၊ တိုင်းများရှိ မြို့နယ်ပေါင်း ၂၈ မြို့နယ်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၂-၂၀၀၃ ပထမနှစ် စီမံကိန်းမှ ကြက် ၁၅၁၃၁ကောင်နှင့် ဝက်ကောင်ရေ ၁၅၇၀ဖြန့်ဖြူးပေးခဲ့ရာ ၃၁-၃-၂၀၀၇ရက်နေ့အထိ ဖြန့်ဖြူးတိုးပွားကောင်ရေမှာ ကြက် ၃၂၀၇၃၇ ကောင်နှင့် ဝက် ၁၅၅၉၆ ကောင် တို့ဖြစ်ပါသည်။ ၂၀၀၃-၂၀၀၄ ဒုတိယနှစ်စီမံကိန်းမှ ကြက်ကောင်ရေ ၁၃၆၉၀နှင့် ဝက် ၁၅၃၂ကောင် ဖြန့်ဖြူးပေးခဲ့ရာ ၃၁-၃-၂၀၀၇ရက်နေ့အထိ ဖြန့်ဖြူးတိုးပွားကောင်ရေမှာ ကြက် ၁၆၅၀၇၈ ကောင်နှင့် ဝက် ၈၂၃၄ ကောင် ဖြစ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားကဏ္ဍထုတ်လုပ်မှု အခြေအနေမှာ နှစ်အလိုက် အောက်ပါ အတိုင်းဖြစ်ပါသည်-

တန်ချိန်-ထောင်ဂဏန်း

လုံးရေ-သောင်းဂဏန်း

စဉ်		အကြောင်းအရာ	ရေတွက်ပုံ	၂၀၀၄-၂၀၀၅ အရေအတွက်	၂၀၀၄-၂၀၀၅ တန်ဖိုး (ကျပ်သန်း)	၂၀၀၅-၂၀၀၆ အရေအတွက်	၂၀၀၅-၂၀၀၆ တန်ဖိုး (ကျပ်သန်း)	၂၀၀၆-၂၀၀၇ အရေအတွက်	၂၀၀၆-၂၀၀၇ တန်ဖိုး (ကျပ်သန်း)
၁		ကျွဲ၊ နွား နို့	တန်ချိန်	၈၉၅	၄၃၁၇၃	၉၈၂	၆၆၈၄၉	၁၀၈၂	၁၁၃၇၇၇
၂		အသားစုစုပေါင်း	တန်	၉၁၂	၂၀၈၅၀၄	၁၁၀၇	၃၅၇၁၆၃	၁၂၆၅	၅၀၅၀၃၆
	က	အမဲသား		၁၁၅		၁၂၉		၁၄၇	
	ခ	ဆိတ်သား		၁၉		၂၂		၂၄	
	ဂ	ဝက်သား		၂၆၄		၃၃၀		၃၇၁	
	ဃ	ကြက်သား		၄၅၈		၅၆၁		၆၅၀	
	င	ဘဲသား		၅၂		၆၁		၆၈	
	စ	ကြက်ဆင်၊ ငုံး/ဘဲငန်း		၄		၄		၅	
၃		စုစုပေါင်း	လုံးရေ	၃၇၂၈	၃၇၃၀၈	၄၃၆၆	၆၁၈၇၇	၄၉၀၆	၁၀၄၈၆၃
	က	ကြက်ဥ		၃၃၃၈		၃၉၁၆		၄၄၀၀	
	ခ	ဘဲဥနှင့်အခြား		၃၉၀		၄၅၀		၅၀၆	

စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစုနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ဆက်ကပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမိသားစုတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိသားစုတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ချောသန်းရတနာ ဝိသုံဂါမသိမ်တော်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပျဉ်းမနားမြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥာဏဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ တိပိဋက ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥာဏဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

၂၀၀၄-၂၀၀၅ တတိယနှစ် စီမံကိန်းမှ ကြက် ၉၂၆၇ ကောင်နှင့် ဝက် ၉၇၇ ကောင် ဖြန့်ဖြူးပေးခဲ့ရာ ၃၁-၃-၂၀၀၇ရက်နေ့အထိ ဖြန့်ဖြူးတိုးပွားကောင်ရေမှာ တိုင်းရင်းကြက် ၃၉၄၃၄ ကောင်နှင့် မျိုးသန့်ဝက် ၃၄၃၃ ကောင်ဖြစ်ပါသည်။ မွေးမြူရေးဘဏ်စနစ်ဖြင့် သုံးနှစ်အတွင်း တိုင်းရင်းကြက် ၃၈၀၈၈ ကောင်နှင့် မျိုးသန့်ဝက် ၄၀၇၉ ကောင် ဖြန့်ဖြူးပေးခဲ့ရာ ၃၁-၃-၂၀၀၇ရက်နေ့အထိ ဖြန့်ဖြူးတိုးပွားကောင်ရေမှာ တိုင်းရင်းကြက် ၅၂၅၂၄၉ ကောင်နှင့် မျိုးသန့်ဝက် ၂၇၂၆၃ ကောင်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရန် ကျွဲ၊ နွားကာကွယ်ဆေးငါးမျိုး၊ ဝက်ရောဂါကာကွယ်ဆေးနှစ်မျိုး၊ ဆင်ကာကွယ်ဆေးတစ်မျိုး၊ ခွေး၊ ကြောင် ကာကွယ်ဆေးသုံးမျိုး၊ သိုး၊ ဆိတ် ကာကွယ်ဆေး နှစ်မျိုးနှင့် ကြက်ရောဂါကာကွယ်ဆေးခြောက်မျိုး ထုတ်လုပ်ပေးခဲ့ပါသည်။

၎င်းအပြင် ညောင်ဦးနှင့်ညောင်နှစ်ပင်တွင် စံပြ တိုင်းရင်းကြက်မျိုးထိန်း မျိုးပွားခြံများ တည်ဆောက်ခြင်း၊ စံပြမွေးမြူရေးခြံများဖွင့်လှစ်မွေးမြူခြင်း၊ နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ချေးငွေများထုတ်ချေးခြင်း၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းပိုင်ဒိုက်ဦး ဝက်မွေးမြူရေးခြံမှ ၂၀၀၁-၂၀၀၂ခုနှစ်တွင် ၅၀၀၄ ကောင်၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၇၈၈၀၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၆၉၂၁ကောင်၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၂၁၂၈ ကောင်၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၁၂၀၁၅ကောင်နှင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၅၀၇၆ ကောင် စုစုပေါင်း ဝက်မျိုးကောင်းမျိုးသန့် ၄၉၀၂၄ကောင်နှင့် ဝက်စာ၊ ငါးစာ၊ ကြက်စာ ၁၇၀၉၄ တန် ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ ရည်မှန်းချက်အပေါ် စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် သား ငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး မြန်မာနိုင်ငံသားတစ်ဦး တစ်နှစ်စားသုံးသည့် အသား၊ ငါး၊ နို့နှင့် ဥ ပမာဏမှာ ၁၀ နှစ်အတွင်း တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် ၁၀ နှစ်အတွင်း သားငါး ထုတ်လုပ်မှုကဏ္ဍ နှစ်ဆမက တိုးတက်ခဲ့ပြီးဖြစ်သော်လည်း ရရှိထားသည့်အဆင့်ဖြင့် တင်းတိမ်မနေဘဲ နိုင်ငံတော်၏ ထုတ်လုပ်မှုတန်ဖိုးတိုးတက်၍ ပြည်ပဝင်ငွေ ပိုမိုရရှိစေရေးနှင့် လူတစ်ဦးချင်းစားသုံးမှုပမာဏ ပိုမိုတိုးတက်ရေးအတွက် နိုင်ငံသားအားလုံး **"ဟင်းများများစားနိုင်ဖို့ သားငါးတိုးတက်ထုတ်လုပ်စို့."**ဟူသော ဆောင်ပုဒ်အတိုင်း ဆက်လက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မင်္ဂလာဗျူဟာ ဓမ္မစာပေသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၈

မင်္ဂလာဗျူဟာအသင်းချုပ်၏ ဩဝါဒါစရိယ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကမ္ဘာအေးဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ကြီးကြပ်မှုအရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိ မဟာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာလှမြင့်က ဗုဒ္ဓဘာသာတရားတော်များကို မြန်မာစာနှင့် အင်္ဂလိပ်စာ တွဲဖက်၍ ရေးနိုင်၊ ပြောနိုင်ရန်အတွက် ဇူလိုင် ၁၄ ရက် (စနေနေ့) နံနက် ၉ နာရီမှစတင်၍ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း အာဇာနည်းလမ်း ဗဟန်းမြို့နယ်တွင် ပို့ချသင်ကြားသွားမည်ဖြစ်၍ အင်္ဂလိပ်စာ နားလည်သူတိုင်း မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၆)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၆)တွင် **'အလုပ်မရှားပါ သို့သော်...'** (မျက်မှောက်ရေးရာ အထူးသတင်းဆောင်းပါး)နှင့်အတူ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုအရှိန်မြှင့်ရန် ကျောက်ဖြူတွင် ရေနက်ဆိပ်ကမ်း ဆောက်မည်၊ ရီးရဲလ်အသင်းမှ ဘောလုံးသမား ဟယ်ဂွဲယားနှင့် သူ၏ ဇနီး ဟန်းနီးမွန်းခရီး မြန်မာပြည်လာလည်၊ ရှားပါးကြီးမားသော တောမှော်ကျောက်စိမ်းတုံးကြီးရောင်းမည်။ နာရေးကူညီမှုအသင်း ဖွဲ့စည်းခွင့်ပြန်ရမည်၊ သက်တမ်းလွန်ဒိုမိန်းများ ကြားလူက ဝယ်ယူကာ အဆမတန်ငွေကြေးဖြင့် ပြန်လည်ရောင်းချ၊ မျက်မမြင်ကျောင်းသားများ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးဖြင့်အောင် စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖြန့်ချိ

'အင်္ဂလန်မှာ မန်စီးတီးနဲ့ တစ်ကျော့ပြန်လှုပ်ရှားမှု SVEN' အားကစားဆောင်းပါးနှင့်အတူ တရားအားထုတ်ခြင်းသည် ဘာကြောင့် အသုံးတည့်ကြောင်း သုတေသနအားဖြင့် တွေ့ရှိ၊ ကမ္ဘာ့ကြီးပူနွေးလာမှုကြောင့် လူတစ်သန်းမျှ ဖိတ်စဉ်ခဲ့ပြီ၊ မင်းသမီးဒိုင်ယာနာ၏ (၄၆)နှစ်မြောက် မွေးနေ့ သားတော်များက ကျင်းပပေး၊ ဂျပန်စစ်ပြေး မိဘမဲ့များ လျော်ကြေးရရေး အသနားခံ၊ အရှေ့တီမော သမ္မတသစ် စည်းလုံးသော ညွန့်ပေါင်းအစိုးရဖြစ်ရေးဆော်ဩ စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် **e-Empire Media House** က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် ပညာရေးကောလိပ်ဝင်း သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၈

သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ကြီးမှူး၍ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နယ် လူမှုရေးအဖွဲ့ဝင်များ၊ သဃ်န်းကျွန်း ပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သင်တန်းသူများ၊ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများအပါအဝင် စုစုပေါင်းအင်အား ၁၀၀၀ ကျော်တို့သည် ယနေ့နံနက် ၇ နာရီက ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း ပညာရေးကောလိပ်ဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၇-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammer Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၀ ၇။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
- ၁၇:၃၀ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇:၅၀ ၁၀။ **လောကရဲ့အလှရတနာ** ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၄။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၁၄)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၂၅)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပြည်တွင်းပြည်ပ သတင်းအခြေအနေများလေ့လာ

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေး ဝိုင်းဝန်းကူညီ

နေပြည်တော် ဇူလိုင် ၈

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇူလိုင် ၆ရက်က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ဝါကြိတ်စက်ရုံသို့ရောက်ရှိ၍ ဝါပြန်လည်သန့်စင်ခြင်းလုပ်ငန်း၊ လေစုပ်စက်ဖြင့် ဝါကြွေးခြင်းလုပ်ငန်းနှင့် သန့်စင်ပြီးဝါများကို လည်းကောင်း၊ ဝါစေ့နှင့် ဝါကိုခွဲထုတ်၍ ဝါကြိတ်ခြင်းကိုလည်းကောင်း၊ ထွက်ရှိလာသောဝါဂွမ်းများနှင့် ဂွမ်းမွေးခွာစက်ဖြင့် ဝါစေ့ပေါ်တွင်ရှိသောဝါများကိုလှဲဖြင့် ခွာထုတ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ဝါများသိုလှောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တောင်တွင်းကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံရာ ရှေးဦးစွာတောင်တွင်းကြီးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က မြို့နယ်အတွင်းပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့် ရရှိရေး၊ ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပညာရည်ချွန်ဆုပေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် မြို့တော်ခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး၏ ဒုတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်မြင်သူကျော်နှင့် မအိမြတ်မွန်တို့အားလည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင် မောင်ဆလိုင်းသူရကျော်၊ မသက်ထားမွန်နှင့် မောင်ကျော်ဇေယျတို့အား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မောင်သူရိန်စိုး၊ မကေသီလင်း၊ မထူးဝေလွင်၊ မဆုရည်မြင့်နှင့် မမြင့်မြင့်ဝင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၄ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၇၄ဦး၊ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများနှင့် ပဉ္စမတန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင် သင်ကြားပြသပေးကြသော ဆရာ၊ ဆရာမများကိုယ်စား တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးစန်းမြင့်အားလည်းကောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား အထူးဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမဆောင်၌ တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက နိုင်ငံတော် အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားရေးကိုအခြေခံသောလမ်းစဉ် ဖြင့်ဆောင်ရွက်လျက်ရှိပြီး အသင်းဝင်များအနေဖြင့် ပြည်တွင်းပြည်ပ သတင်းအခြေအနေများကို လေ့လာမှတ်သားကြရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏အကျိုးစီးပွား ဖြစ်ထွန်းရေးကို စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မကွေးတိုင်းမြို့သစ်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမဆောင်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ချီးမြှင့်သော အဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မဝေမွန်စိုး **(ဝဲပုံ)** အား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မောင်အောင်ကိုကိုသူအားလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင် မောင်ကိုဝင်း၊ မနီလာမြင့်သိန်း၊ မောင်ဇင်မင်းထိုက်နှင့် မထူးမွန်တို့အားလည်းကောင်း၊ ဂုဏ်ထူးရအောင် သင်ကြား ပြသပေးကြသော ဆရာ၊ ဆရာမများကိုယ်စား မြို့သစ်မြို့နယ် ပညာရေးမှူး ဦးခင်မောင်မြင့်အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထူးချွန်ဆု

ယင်းနောက် တာဝန်ရှိသူများက တစ်ဘာသာဂုဏ်ထူးရှင် ၂၉ဦး၊ ကျောင်းတွင်းအထက်တန်းအဆင့်ဆုရရှိသူများ၊ အလယ်တန်းအဆင့်တွင် ထူးချွန်စွာ အောင်မြင်သူများနှင့် မူလတန်းအဆင့်တွင် ထူးချွန်စွာအောင်မြင်သူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရန် ကုန် တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော် မြတ်ကြီးတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် တောင်ဘက် စောင်းတန်း တော် ကြီး တည် ဆောက် ရန် အတွက် ဗိုလ်မှူးကြီးသန်းအောင်- ဒေါ်အေးချစ်ကျော်၊ သား ဗိုလ်ကြီးလွမ်းအောင်၊ ကိုထူးဝေအောင်၊ ဒုတိယဗိုလ်ဝေအောင်တို့မိသားစုက ငွေကျပ် သုံးသိန်း လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအုန်းကြိုင်၊ ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဖန်းမော်၌ ကျင်းပ

ဖန်းမော် ဇူလိုင် ၈

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖန်းမော်မြို့ မြို့တော်ခန်းမတွင် ဇူလိုင်၃ရက် နံနက်၉နာရီက ကျင်းပရာ ဖန်းမော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဖန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များမှ (သက်ကြီး/သက်ငယ်)အဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက လက်ခံရယူသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဖန်းမော်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ က ကြီးမှူးကျင်းပသည့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး ၂၀၀၆-၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၁)မှ မဝင့်ဝါထွန်းနှင့် အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃)မှ မမေဇင်ဦးတို့အား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်ဖြူဖြူမြင့်က ဆုများချီးမြှင့်သည်။

လက်ခံယူ

ထို့နောက် အလှူရှင်များမှ လှူဒါန်းငွေကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက လက်ခံရယူပြီး ဖျော်ဖြေရေးနှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု သရုပ်ပြပွဲတွင် ပံ့ပိုးကူညီပေးသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက ချီးမြှင့်ရာ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်လီယိုနီက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ဒဂုံမြို့သစ်(တောင်ပိုင်း) လေဘေးသင့် အိမ်ထောင်စုများ အလှူငွေနှင့် အဝတ်အထည်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းလေပြင်းတိုက်ခတ်မှုခံရသည့် လေဘေးသင့် အိမ်ထောင်စုများအား အလှူငွေနှင့် အဝတ်အထည်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို တက်ရောက်၍ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ လေဘေးသင့် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်ဦးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ် ၁၅သိန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၏လှူဒါန်းငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်၁၆သိန်းတို့ကိုပေးအပ်လှူဒါန်းသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများက သာသနာရေး ဝန်ကြီးဌာနက လှူဒါန်းသည့် အဝတ်အထည်မျိုးစုံ ၁၅၉၃ထည်ကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဝတ်အထည်မျိုးစုံ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ခြင်ထောင်၊ စောင်၊ တာပေါ်လင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိဆန်အိတ်၁၂၂အိတ်၊ စေတနာရှင်များက စုပေါင်း လှူဒါန်းငွေများမှ တစ်ဦးလျှင် ငွေကျပ်၄၀၀၀စီဖြင့် လေဘေးသင့် အိမ်ထောင်စုများမှ ၆၂၁ဦးတို့အတွက် ငွေနှင့် လှူဒါန်းပစ္စည်းများအား လေဘေးသင့် အိမ်ထောင်စုများသို့ လွှဲပြောင်းပေးအပ်ကြပြီး **(ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်အတူ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များကဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိလေဘေးသင့်ခံရသောရပ်ကွက်များသို့ လှည့်လည်ကြည့်ရှုကြပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဖလမ်း၌ ကျင်းပ

ဖလမ်း ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်၉နာရီက ချင်းပြည်နယ် ဖလမ်းမြို့ မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုမိုတင်ဦးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ကျောင်းမနေနိုင်သူ ချို့တဲ့ကလေးများအတွက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ထောက်ပံ့ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း၊ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသော ချင်းရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲတွင် ပထမဆုရ မမန်ကျန်ဒိမ်၊ ဒုတိယဆုရ မငွန်ထန့်မ်း၊ တတိယဆုရ မဘွဲနယ်ကိမ်း၊ ဆံကေသာအလှပြိုင်ပွဲတွင် ပထမဆုရ ဒေါ်မန်းသင်ဆုန်း၊ဒုတိယဆုရ မဘွဲလှဲင်ဆုန်း၊ တတိယဆုရ မခိုင်ဆွင်းဘွဲတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ယာဉ်သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သောယာဉ်များ၊ စည်းကမ်းမဲ့မောင်းနှင်သော ယာဉ်နှင့်ဆိုင်ကယ်များအား ထိရောက်စွာအရေးယူ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၆ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း (အပေါ်ပုံ)တက်ရောက်၍ အမှာစကားပြောကြားရာတွင် မီးရထားများပေါ်တွင် အရက်သေစာရောင်းချမှု မရှိစေရေးကို သက်ဆိုင်ရာက စစ်ဆေးကြပ်မတ်သွားရန်၊ ယာဉ်တိုက်မှု ကျဆင်းလျော့ပါးစေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သောယာဉ်များ၊ ညအချိန် စည်းကမ်းမဲ့ မောင်းနှင်သော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ထိရောက်စွာ အရေးယူနိုင်ရေး၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များအား အချက်အချာကျသော နေရာများတွင် နေ့ညမပြတ် တာဝန်ချထားရန်၊ ယာဉ်တိုက်မှုဖြစ်ပွားလျှင် ထွက်ပြေးတိမ်းရှောင်သော တာဝန်မဲ့ယာဉ်မောင်းများအား ထိရောက်စွာ အရေးယူနိုင်ရေး၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအား လေ့ကျင့်ပညာပေး ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီအသီးသီးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကိစ္စရပ်များ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မိုးမောက်၌ ကျင်းပ

မိုးမောက် ဇူလိုင် ၈

မိုးမောက်မြို့နယ် ၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းစိုးက အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးများနေ့အတွက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ပေးပို့သော သဘာပတိမိန့်ခွန်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာစည်းရုံးရေးမှူးဒေါ်ဂျာဘူကအမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ၂၀၀အား ပေးအပ်ရာအဖွဲ့ဥက္ကဋ္ဌဒေါ်နွယ်နီသိန်းက လက်ခံယူသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူ သုံးဦးအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အာဆီယံတက္ကသိုလ်/ ကောလိပ်နှင့်ပတ်သက်သော စာနယ်ဇင်းလုပ်ငန်းတွင်ပါသည့် ကျောင်းသားကျောင်းသူများ အပြန်အလှန်လေ့လာရေး အစီအစဉ်အပိုင်း(၃) လေ့လာရေးခရီးစဉ်မှ မြန်မာကျောင်းသားကျောင်းသူများ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၈

အာဆီယံတက္ကသိုလ်/ကောလိပ်နှင့် ပတ်သက်သောစာနယ်ဇင်းလုပ်ငန်းများတွင်ပါဝင်သည့် ကျောင်းသားကျောင်းသူများ အပြန်အလှန်လေ့လာရေး အစီအစဉ်အပိုင်း(၃) (ASEAN Campus Journalists/ Leaders Exchange Programme (ACJEP) Phase III)အရ မလေးရှားနိုင်ငံက ဦးဆောင်သော အာဆီယံ ကျောင်းသားကျောင်းသူများအဖွဲ့တွင် ပါဝင်ခဲ့သော ပညာရေးဝန်ကြီးဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ စတုတ္ထနှစ်ကျောင်းသူ မချိုရည်ဆွေမြင့်နှင့် တတိယနှစ်ကျောင်းသား မောင်နေမျိုးလင်းတို့သည် မလေးရှားနိုင်ငံတွင် ဇွန် ၂၄ရက်မှ ၃၀ရက်အထိ လည်းကောင်း၊ စင်ကာပူ သမ္မတနိုင်ငံတွင် ဇွန် ၃၀ ရက်မှ ဇူလိုင် ၇ရက်အထိ လည်းကောင်း၊ အခြားအာဆီယံနိုင်ငံများမှ ကျောင်းသားကျောင်းသူများနှင့်အတူ မလေးရှားနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ရှိ တက္ကသိုလ်/ကောလိပ် စာနယ်ဇင်းလုပ်ငန်းများနှင့် ခေါင်းဆောင်မှုလုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြပြီး ယမန်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆို

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူနှစ်ဦးတို့အား တာဝန်ရှိသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုမှု သရုပ်ပြ

ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုမှု သရုပ်ပြပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမဆောင်၌ ကျင်းပရာ မြန်မာ့ စိုက်ပျိုး ရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမောင်မောင်ခင်က ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနည်း အဆင့်ဆင့်၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ် မန်နေဂျာ ဦးကျော်မိုးထွန်းက ခြံစည်းရိုးကြက်ဆူစေ့မှ ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်နည်း အဆင့်ဆင့်နှင့် လက်တွေ့အသုံးပြုနည်း အဆင့်ဆင့်တို့ကို ရှင်းလင်း ပြောကြားရာ တက်ရောက်လာသူများက ပြန်လည် ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲ

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၃၆၉ခုနှစ် ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ(အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမှူးပြုသော စာချ၊ စာသင်သံဃာတော် ၅၀၀ကျော်တို့အား ဇောတိကာရုံပါဠိတက္ကသိုလ် ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့က ကြီးမှူးပြီး ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်) ဇူလိုင် ၃၀ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းဆက်ကပ်လိုသူများသည် တရုတ်စီဝိုင်စီတစ်စုံလျှင် ငွေကျပ်၄၀၀၀နှုန်းဖြင့် အဖွဲ့ဝင်လူကြီးများနှင့် နာယကဆရာတော်များထံသို့လည်းကောင်း၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဖုန်း-၀၅၃-၂၁၄၈၅၊ ၂၅၈၁၅၊ ၂၂၈၁၆ နှင့် ၀၉-၅၃-၁၀၂၆၁၊ ၀၉-၅၃-၂၁၆၄၀တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မူလတန်းအဆင့် ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်

ကောလင်းမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ရက်က ကောလင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသား ဆရာ ဆရာမ ၁၀၀ တက်ရောက်ကြောင်း သိရသည်။ (၀၂၆)

အမ်းမြို့ တွင်းလမ်းများ သာယာလှပရေး ဆောင်ရွက်

ရခိုင်ပြည်နယ် အမ်းမြို့နယ် မြို့တွင်းလမ်းများ သာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇွန်၁၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ လမ်းဆုံနေရာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌဦးကြည်ဝင်းနှင့် မြို့နယ်အင်ဂျင်နီယာဦးညီညီဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အင်းတော် နတ်မဟုတ်ကလေးကျေးရွာ မိခင်/ကလေးအသင်းခွဲဖွဲ့စည်း

အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဖွဲ့စည်းရေးနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇွန် ၁၈ရက် မွန်းလွဲပိုင်းက နတ်မဟုတ်ကလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူးဒေါ်ခင်လှမိက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် အဖွဲ့ဝင် ဒေါ်သီတာရွှေတို့က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ထို့နောက် နတ်မဟုတ်ကလေးကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲကို နာယက ဒေါ်စက်ကြည်၊ ဥက္ကဋ္ဌ ဒေါ်စန်းရီနှင့် အတွင်းရေးမှူး ဒေါ်မာချိုတို့ပါဝင်သော အလုပ်အမှုဆောင် ၁၅ဦးကို ရွေးချယ်ဖွဲ့စည်းကြောင်း သိရသည်။ (၁၃၃)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် ရေကြီးမှု၊ ရေလျှံမှု၊ မဖြစ်စေရေးအတွက် မြို့အတွင်း ဖြတ်သန်းစီးဆင်းနေသည့် နမ့်ခိုင်ချောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် ဒိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဇွန် ၂ရက်က စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးစိန်လှိုင်နှင့် စည်ပင်ဝန်ထမ်းများ၊ ချောင်းဘေးဝဲယာရှိ ရပ်ကွက်ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

● ရှေ့ဖုံးမှ

တက်ရောက်

အစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စည်းရုံးရေးကော်မတီများ စနစ်တကျ ဖွဲ့စည်းလှုပ်ရှား ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများပုံမှန် လည်ပတ်နေသည်ကို တွေ့ရကြောင်း။

ဆက်လက်စည်းရုံး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်အင်အားမှာလည်း တဖြည်းဖြည်းနှင့် တိုးပွားဖြစ်ထွန်းလာနေသည်ကို တွေ့ရကြောင်း၊ အရန်အဖွဲ့ဝင်များကိုလည်း ထိထိရောက်ရောက် ဆက်လက်စည်းရုံးလှုပ်ရှားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အဖွဲ့အစည်း တည်ငြိမ်ခိုင်မာတည်တံ့ရေးအတွက် ရရှိပြီးအင်အားကို အရေအတွက်မှသည် အရည်အချင်းသို့ ပြောင်းလဲတိုးတက်စေရန် လိုအပ်သည်ဖြစ်ရာ သင်တန်းများ လေ့ကျင့်ပေးခြင်း အပါအဝင် နည်းလမ်းအသွယ်သွယ်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဗဟိုစည်းရုံးရေးကော်မတီဝင်များအနေဖြင့် အဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ ရည်မှန်းချက် ပြည့်မြောက်အောင်မြင်သည်အထိ စနစ်တကျ စည်းရုံးလှုပ်ရှားဆောင်ရွက်သွားဖို့လိုကြောင်း။

ကူညီဖြေရှင်း

နယ်မြေတာဝန်ခံ ဗဟိုစည်းရုံးရေးကော်မတီများအနေဖြင့် အခြေခံအဆင့် အထိဆင်း၍ အဖွဲ့ဝင်များနှင့် ထိတွေ့ပြီး အဖွဲ့ဝင်များကို တပ်မတော်သားဘဝက ယုံကြည်ခံယူလာခဲ့သည့် ဒို့တာဝန်အရေး(၃)ပါးနှင့်တကွ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တိုးပွားခိုင်မာအောင်၊ ရပ်ရွာစည်းကမ်းအပြင် နိုင်ငံ့စည်းကမ်းဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ ကျင့်ကြံတတ်အောင် စည်းရုံးဆောင်ရွက်ရင်းအဖွဲ့ဝင်များ၏ အခက်အခဲများကိုလည်း ကူညီဖြေရှင်းပေးကြရန် မှာကြားလိုကြောင်း။

ဒီမိုကရေစီ နိုင်ငံတော်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးမှာလည်း နောက်ဆုံးအကြိမ် ကျင်းပသည့် အခြေအနေရောက်ရှိနေပြီဖြစ်ကြောင်း။

ပံ့ပိုးဆောင်ရွက်

အမျိုးသားညီလာခံကြီး၏ အောင်မြင်ပြီးဆုံးမှုသည် နိုင်ငံတော်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၏ ပထမအဆင့်အောင်ပွဲပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အဖွဲ့ဝင်များက ကျရာအခန်းကဏ္ဍက ပါဝင်ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အမျိုးသားညီလာခံကြီးနှင့်တကွ နိုင်ငံတော်သစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းရေးလုပ်ငန်းများကို ဖျက်လိုဖျက်ဆီးနှောင့်ယှက်လုပ်ဆောင်နေကြသည့် အဖျက်အမှောင့်အန္တရာယ်များလည်းရှိနေရာ ကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား ပါဝင်ပူးပေါင်း ကာကွယ်ပေးကြရန် မှာကြားလိုကြောင်း။

ဒီမိုကရေစီစနစ် အရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများ၊ နိုင်ငံ၏ စီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများ၊ ပြည်သူများကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားပြီး လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု အခြေခံကောင်းများ တည်ရှိဖြစ်ထွန်းနေရန်လိုကြောင်း။

ပူးပေါင်းလက်တွဲ

ယင်းအခြေခံကောင်းများ ခိုင်ခိုင်မာမာတည်ရှိဖြစ်ထွန်းနေစေရအောင် မိမိတို့တပ်မတော်အစိုးရအနေဖြင့် နေ့မအား ညမနားကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကလည်း အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းလက်တွဲ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့အဆင့်ဆင့် ကျစ်လျစ်ခိုင်မာစွာဖြစ်ထွန်းနေရေး၊ အဖွဲ့ဝင်အင်အားတိုးပွားအောင် စည်းရုံးဆောင်ရွက်ရင်း အရည်အချင်းပိုင်း တိုးတက်ခိုင်မာအောင် လေ့ကျင့်ပေးရေး၊ အဖွဲ့ဝင်များ၏ စိတ်ဓာတ်ရေးရာ တိုးတက်ဖြစ်ထွန်းရေးအတွက် စည်းရုံးဆောင်ရွက်ရေး အလေးထားစည်းရုံးဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး ၂၀၀၆ ခုနှစ်၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ တင်ပြချက်တို့ကို ရှင်းလင်းဖတ်ကြားတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ လုပ်ငန်းတာဝန်ကြီး(၅)ရပ်၏ အဖွဲ့ခေါင်းဆောင်များက ဗဟိုစည်းရုံးရေးကော်မတီ၏ လုပ်ငန်းတာဝန်ကြီး(၅)ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စည်းရုံးရေးလုပ်ငန်းအဖွဲ့အလိုက် အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းတာဝန်ကြီး (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီဝင်များက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အင်အားကိစ္စ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီများဖွဲ့စည်းမှု၊ စစ်မှုထမ်းဟောင်းကျေးရွာများ တည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့မှုအခြေအနေ၊ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်မှု အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သုညတဓမ္မ ဝါဆိုသင်္ကန်းနှင့် မဂ္ဂဓမ္မကျောင်းဆောင် အုတ်မြစ်စီမင်္ဂလာ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် မိုးကုတ်ဝိပဿနာသုညတဓမ္မကျောင်းနှင့် ပင့်သံဃာတော် ၃၁ပါးတို့အား ဒုတိယအကြိမ် ဝါဆိုသင်္ကန်း အလှူ၊ မဂ္ဂဓမ္မကျောင်း သုံးထပ်ဆောင် အုတ်မြစ်စီမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၁၉ရက် နံနက် ၈နာရီ ၁၀ မိနစ်တွင် အုတ်မြစ်စီမင်္ဂလာကျင်းပပြီး နံနက် ၉နာရီ၌ တရားနာရေစက်ချမည်ဖြစ်ရာ ဆွမ်းအလှူရှင် ဦးကျော်သန်း- ဒေါ်တင်တင်၊ ဒေါ်ချားရီ မိသားစု၊ ဦးစိုးဇော်ထွန်းသန်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးစိုးတင်စိုးသန်း-ဒေါ်မိုးအောင်ဆန်း မိသားစုတို့က လှူဒါန်းကြမည်ဖြစ်သည်။

လှူဒါန်းလိုပါက သုညတဓမ္မ ဆရာတော် ဖုန်း-၅၅၃၄၈၈၊ ဒေါက်တာနေဦး-ဒေါ်ပို့ပို့ ဖုန်း-၅၄၈၆၈၉၊ ၀၉-၅၀-၁၂၈၇၄၊ ဗိုလ်မှူးကြီးမြင့်ထွန်း-ဒေါ်ခင်နွယ် ဖုန်း-၂၀၃၂၃၉၊ စိုးတင်စိုးသန်း၊ မိုးအောင်ဆန်း ဖုန်း-၀၉-၅၀-၀၈၇၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖြူးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၈

ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၇ ရက် နံနက် ၁၀နာရီက ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမှာရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)** အခမ်းအနားတွင် သဘာပတိ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မျိုးအောင် (ငြိမ်း)၊ နာယက ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း) တို့က အမှာစကားပြောကြားကြပြီး အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဆွေးနွေးအတည်ပြုသည်။ ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုများချီးမြှင့်၍ ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း)က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင် ၈ ရက်က တပ်ကုန်းမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းမကြီး တစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး ဦးမြင့်အုန်း ကြည့်ရှုစစ်ဆေးစဉ်။ (နေပြည်တော်စည်ပင်)

■ ကျောဖုံးမှ

ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၈နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ တွဲဖက် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ဓာတ်ခွဲ) ဒေါက်တာနေဝင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်၊ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါက်တာ အောင်ကြည်ဝင်း၊ ရန်ကုန်တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အဆောင်တာဝန်ခံဆရာဝန်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကြည်ဝင်းက ဆေးရုံနှင့် ပတ်သက်သော အချက်အလက်များ၊ ဆေးတက္ကသိုလ်(၁)၏ သင်ကြားရေးဆေးရုံအဖြစ်ဆောင်ရွက်မှု၊နှစ်အလိုက်၊ လအလိုက် ပြင်ပလူနာဦးရေနှင့် ဆေးရုံတက်ရောက်ကုသလူနာဦးရေ၊ အခြားတိုင်းနှင့် ပြည်နယ်များမှ တက်ရောက်ဆေးဝါးကုသခံယူမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်က ရန်ကုန်တိုင်းအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေး အစီအစဉ်များကို အချိန်အပတ်မြင့်တင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်ကလေးဆေးရုံကြီးအတွက် အရေးပေါ်လိုအပ်သော သွေးများအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကူညီလှူဒါန်းမည့် အစီအစဉ်များ၊ လိုအပ်သည့်ဆေးဝါးများ ဝယ်ယူရေးအတွက် အလှူငွေပေးအပ်လှူဒါန်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စဉ်ဆက်မပြတ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများအား ကျန်းမာရေး အသိပညာပေးအစီအစဉ်များကို ပုံမှန်ဆောင်ရွက်သွားရန်လိုသကဲ့သို့ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းများတွင်လည်း ယခင်က "သန့်(၄)သန့်" စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် "စင်(၄)စင်" စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုထက် ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကူညီဖြည့်ဆည်း

သို့မှသာ ပြည်သူများအတွင်း ကျန်းမာရေးအသိပညာများ ပိုမို တိုးပွားပြီး ကျန်းမာရေးအတွက်အခြေခံကောင်းများရရှိလာမည်ဖြစ်ကြောင်း၊ လူနာများအတွက် အရေးပေါ်လိုအပ်သော သွေးကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဆက်သွယ် အကူအညီ တောင်းခံလာပါက ကူညီဖြည့်ဆည်း လှူဒါန်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စတုတ္ထထပ်ရှိ ဆေးကုသဆောင်(၂)၊ အထူးကြပ်မတ်ကုသဌာန၊ အရေးပေါ်နှင့် ပြင်ပလူနာကုဌာနများသို့ သွားရောက်ပြီး လူနာများအား ဆေးကုသမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် အဆောင်တာဝန်ခံ ဆရာဝန်များက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကလေးငယ်များအား လိုက်လံကြည့်ရှုပြီး ကလေးငယ်များနှင့် မိဘများအား အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆေးရုံဝင်းအတွင်းရှိ အလှူရှင်များက တိုးချဲ့သုံးထပ်ဆောင် ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး သွေးရောဂါ၊ ကျောက်ကပ်နှင့် ကင်ဆာရောဂါ ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်စိုး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်နှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆေးရုံရှိ အရေးပေါ်အခန်း၊ လူနာအခန်း(၂)၊ နှလုံးရောဂါ အထူးကုသခန်း၊ကြပ်မတ်ကုသဆောင်၊ သင်ကြားရေးခန်းမတို့သို့ သွားရောက်၍ လူနာများအား ဆေးကုသမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး၊ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဆေးရုံအုပ်ကြီးရုံးခန်း၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာဝန်ရှိသူများအား ဆေးရုံအတွင်း၌ အမှိုက်ပုံးများထားရှိရေး၊ ဆေးရုံနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် တပ်မတော်နှင့်လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး အထူးသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ရေး၊ မြွေဆိပ်ဖြေဆေး စဉ်ဆက်မပြတ် ပြည့်စုံစွာထားရှိရေး၊ ဆေးပဒေသာပင် အလှူငွေစိုက်ထူလှူဒါန်းရေး၊ အရေးပေါ်လိုအပ်သည့် သွေးများအချိန်မီရရှိရေးအတွက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အရည်အသွေးကောင်းပြီး ဈေးနှုန်းသင့်တင့်မျှတမှုကြောင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ ရောင်းအားကောင်း

❒ *ကျောဖုံးမှ*

ကျောက်စိမ်း

မြန်မာကွန်ဗင်းရှင်းစင်တာရှေ့၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတုံးများမှာ အဆမတန် များပြားလျက်ရှိရာ နေရာလွတ်မရှိအောင် ပြည့်ကျပ်လျက်ရှိသည်။ ထိုသို့ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများအနက် ကျောက်စိမ်းအတွဲ အမှတ် ၅၆၆၇ ဖြစ်သည့် ကျောက်စိမ်းအရိုင်းတုံးကြီးများ အရွယ်အစားကြီးမားသလို အရည်အသွေးလည်း ကောင်းမွန်လှသည်။ အလေးချိန်ကီလိုဂရမ် ၅၀၉၀ ရှိပြီး ကျောက်စိမ်းတုံး ပြချက်များကလည်း အရည်အသွေးကောင်းမွန်ပြီး တန်ဖိုးကြီးမားသော ကျောက်ဖြစ်ကြောင်း ဖော်ပြနေသည်။

အထူးစိတ်ဝင်စား

ထို့အတူ ကျောက်စိမ်းအတွဲ အမှတ် ၅၆၇၄ ဖြစ်သည့် ကျောက်စိမ်းအရိုင်းတုံးကြီးကလည်း အရည်အသွေးကောင်းမွန်လှသည်ဖြစ်ရာ ပြည်ပကျောက်ကုန်သည်များ အထူးစိတ်ဝင်တစား ကြည့်နေကြသည်။ အလေးချိန် ကီလိုဂရမ် ၉၈၀၀ ရှိသဖြင့် အရွယ်အစားလည်း ကြီးမားသည်။ သတ်မှတ်ထားသည့် ဈေးထက် ပိုမိုရရှိနိုင်မည့် ကျောက်ကြီး ကျောက်ကောင်းပင် ဖြစ်သည်။

ကြိုက်ဈေးပေး

တစ်ဖန် ကျောက်အရွယ်အစား အလယ် အလတ် အဆင့်ရှိသည့် ကျောက်စိမ်းအတွဲ အမှတ် ၅၆၆၆ ကလည်း ကျောက်အရည်ကောင်းမွန်လှသည်ဖြစ်ရာ ကျောက်ကုန်သည်များ မျက်စိမခွာနိုင်အောင် ဆွဲဆောင်နေသည်။ စမ်းသပ်ကိရိယာများဖြင့် အလုအယက် ကြည့်ရှုနေကြသည့် ပြည်ပကျောက်ကုန်သည်များ၏ အနေအထားမှာ သဘောကျလျက်ရှိရာ ကြိုက်ဈေးပေး၍ ဝယ်ယူမည့် အနေအထားပင် ဖြစ်သည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့က ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ၌ ပါဝင်ပြသရောင်းချလျက်ရှိသော ပြည်တွင်းမှ ကျောက်မျက်ကုန်သည်တစ်ဦးဖြစ်သူ

"ကျွန်တော့်ကျောက်စိမ်းတွေ ဒီပွဲမှာ ၈၀ ရာခိုင်နှုန်းလောက် ရောင်းရမယ်လို့မှန်းထားပါတယ်"

ဦးစိန်ဝင်း
ကျောက်စိမ်းတောင်ကုမ္ပဏီ
အုပ်ချုပ်မှုဒါရိုက်တာ

ဦးစိန်ဝင်းနှင့် တွေ့ဆုံမေးမြန်းရာ "ဒီပွဲမှာ ကျွန်တော်တို့က ကျောက်စိမ်းအတွဲ ၂၀ ခင်းကျင်း ပြသထားပါတယ်။ အားလုံး အထည်ကျောက်တွေချည်းပါပဲ။ ပြပွဲ နောက်ဆုံးရက်တွေမှာ ဈေးပြိုင်စနစ်နဲ့ ရောင်းမှာဆိုတော့ လက်ရှိ အနေအထားအရ ပြည်ပကုန်သည်တွေ အတော်လေး ကြိုက်နှစ်သက်တာ တွေ့ရတယ်။ အရင်ကျောက်မျက်ပွဲတွေတုန်းက ရာခိုင်နှုန်း ၇၀ လောက်ရောင်းခဲ့ရတယ်။ ဒီပွဲမှာတော့ ကျွန်တော်တို့ ကျောက်စိမ်းတွေ ၈၀ ရာခိုင်နှုန်းလောက် ရောင်းရမယ်လို့ ခန့်မှန်းထားပါတယ်။ အခုလို နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ခင်းကျင်းပြသရတော့ ဈေးလဲ ပိုရပါတယ်။ ကိုယ့်သဘောနဲ့ကိုယ်ရောင်းရင် ဈေးလဲ သိပ်မရဘူး။ နောက်ပွဲတွေမှာလဲ ကျောက်စိမ်းအတွဲတွေ များများတင်ပြီး ရောင်းချသွားမှာပါ" ဟု ဖြေကြားသွားသည်။ ဦးစိန်ဝင်းသည် ကျောက်စိမ်းတောင်ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦး ဖြစ်သည်။ ကျောက်မျက်ပွဲ၌ သူ၏ ကျောက်စိမ်းတွဲများကို ခင်းကျင်းပြသရသည်ကို ဂုဏ်ယူကျေနပ်ကာ ဝမ်းမြောက်ဝမ်းသာရှိနေသည်။

အပြိုင်အဆိုင်

ထို့အတူ မြန်မာကွန်ဗင်းရှင်း စင်တာ ခန်းမအတွင်း ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့်ရောင်းချနေရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် တင်ဒါအဆိုပြုလွှာများ ဖြည့်သွင်းကာ တင်ဒါပုံးများအတွင်း ထည့်သွင်းနေကြသည်မှာ အားရစရာ ကောင်းလှသည်။ ဇူလိုင် ၆ ရက်နှင့် ၇ ရက်အတွင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲပေါင်းမှာ ၁၀၅၆ တွဲရှိခဲ့ပြီး ဇူလိုင် ၈ ရက်၌လည်း ယခင်ရက်များကထက် ပိုမိုရောင်းချရမည်ပင် ဖြစ်သည်။

"ကျွန်တော်က ဒီပွဲမှာ ကျောက်မျက်ဝယ်ဖို့ လာတာပါ"

ဦးစံမျိုး
မိုးကုတ်ပရိုက်ကုမ္ပဏီ
ကျောက်မျက်လုပ်ငန်းရှင်

တင်ဒါစနစ်ဖြင့် ကျောက်စိမ်းများကို ဝယ်ယူနေကြသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အတန်ကြာလေ့လာကြည့်ရှုပြီးနောက် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ နောက်ဆုံးနေ့ ကျောက်မျက်ရောင်းချပွဲသို့ မြန်မာ့အလင်း သတင်းအဖွဲ့ ဆက်လက်ထွက်ခွာခဲ့သည်။

မက်မော

မြန်မာ့ကျောက်မျက် ရတနာ အရောင်းခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချနေသော ကျောက်မျက်များကို ရတနာကုန်သည်များက စိတ်ဝင်စားစွာဝယ်ယူနေကြသည်ကို တွေ့ရသည်။ ဇူလိုင် ၈ ရက်၌ ကျောက်မျက်ရတနာအတွဲပေါင်း ၂၄၆ တွဲကို ရောင်းချလျက်ရှိရာ ပြည်ပရတနာကုန်သည်များက စိတ်ကြိုက်ဈေးနှုန်းပေးကာ ဝယ်ယူနေကြသည့် မြင်ကွင်းမှာ မြန်မာ့ကျောက်မျက်ရတနာများကို ပြည်ပကုန်သည်များ မည်မျှမက်မောကြောင်း ပြသနေသည်။

စိတ်ဝင်စား

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာခန်းမအတွင်း ပြည်တွင်းကျောက်မျက်ရတနာကုန်သည်တစ်ဦးဖြစ်သူ ဦးစံမျိုးနှင့် တွေ့ဆုံမေးမြန်းရာ "ဒီပွဲမှာ ကျွန်တော် ကျောက်မျက်ဝယ်ချင်လို့ရောက်လာတာပါ၊ အရင်ကျောက်မျက်ပွဲတွေမှာ ကျွန်တော်တို့ မိုးကုတ်ပရိုက်ကုမ္ပဏီက ကျောက်မျက်တွေကို ခင်းကျင်းပြသ ရောင်းချသလို ကြိုက်တဲ့ကျောက်မျက်တွေကိုလဲ ဝယ်ပါတယ်။ အများအားဖြင့်တော့ မိုးကုတ်တွင်းထွက် ပတ္တမြားကိုပါ ပတ္တမြားအရိုင်းနဲ့ ဂေါ်ကြိုးတွေကို စိတ်ဝင်စားတယ်။ အခုတော့ ဝယ်သင့်သလောက် ဝယ်ပြီးပါပြီ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဦးစံမျိုးသည် မိုးကုတ်ပရိုက်ကုမ္ပဏီမှ ကျောက်မျက်လုပ်ငန်းရှင်

"ဒီပွဲမှာ ကျွန်တော့် ကျောက်မျက်တွေ မျှော်မှန်းထားတဲ့ ဈေးရတယ်"

ကိုကြည်စန်း
အောင်ပင်လုံ
ကျောက်မျက်ကုမ္ပဏီ
တူးဖော်ရေးလုပ်ငန်းရှင်

တစ်ဦးဖြစ်ပြီး နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းလုပ်ဆောင်နေသူ တစ်ဦးလည်းဖြစ်သည်။ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအတွင်းရေးမှူးလည်း ဖြစ်ပြီး ကျောက်ကပ်ပန်းချီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသူလည်းဖြစ်သည်။

အကျိုးရှိ

တစ်ဖန် ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ အောင်ပင်လုံ ကျောက်မျက်ကုမ္ပဏီမှ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကိုကြည်စန်းနှင့် တွေ့ဆုံမေးမြန်းရာ "ဒီပွဲမှာ ကျွန်တော့်ကျောက်မျက်တွေ ခင်းကျင်းပြသ ရောင်းချထားပါတယ်။ အားလုံးမိုင်းရှူးပတ္တမြားတွေပါ။ အရင်ပွဲတွေကလဲ ရောင်းကောင်းပါတယ်။ ဒီပွဲမှာ ကျွန်တော့်ကျောက်မျက်တွေ ဈေးကောင်းပိုရပါတယ်။ မျှော်မှန်းထားတဲ့ဈေးရတာဆိုတော့ အကျိုးရှိပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ကူညီပံ့ပိုး

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ ရောင်းအားကောင်းခြင်းသည် အရည်အသွေးကောင်းမွန်မှုနှင့် ဈေးနှုန်းသင့်တင့် မျှတမှုတို့ကြောင့် ဖြစ်သည့်အပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကလည်း အတတ်နိုင်ဆုံး အဆင်ပြေ ချောမွေ့စေအောင် ကူညီပံ့ပိုးမှုတို့က အောင်မြင်သော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူး ရောင်းချပွဲအဖြစ် မြင်တွေ့နေရပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတုံးများကလည်း ပြည်ပကုန်သည်များအား ဆွဲဆောင်လျက်ရှိသည်။ (မြန်မာ့အလင်း)

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသည့် အလေးချိန် ကီလိုဂရမ် ၅၀၉၀ ရှိသော ကျောက်စိမ်းအရိုင်းတုံးကြီးကလည်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအကြိုက်။ (မြန်မာ့အလင်း)

✻ *ကျောဖုံးမှ*

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ လိုက်ပါလျက် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ကျောက်မျက်အတွဲများ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ကျောက်မျက်အတွဲများကို ရောင်းချရာ ညနေပိုင်းတွင် ကျောက်မျက် အတွဲပေါင်း ၂၇ တွဲ ရောင်းချရသည်။

လိုက်လံပြသရှင်းလင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာ ခန်းမဝင်းအတွင်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အပေါ်ဆုံးထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်ပြကွက်ကောင်တာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြတိုက်မှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်က ပြတိုက်အတွင်းရှိ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲပြကွက်များ၊ လက်ဝတ်ရတနာပြကွက်များ၊ တွင်းထွက် သယံဇာတပြကွက်များ၊ နံရံကပ် အလှပြခန်းများ၊ ကျောက်စိမ်းစေတီအလှပြခန်း၊ ရေသူမရုပ်တုနှင့် ကျောက်စိမ်း ငါးများအလှပြခန်း၊ ကျောက်စိမ်း ကြက်ဥ အလှပြခန်း၊ မင်းခမ်းတော်အလှပြခန်းများကို လိုက်လံပြသ ရှင်းလင်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရှင်းလင်းပြသမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျောက်မျက်ရတနာ ပြတိုက် ပထမထပ်၊ ဒုတိယထပ်နှင့် မြေညီထပ်များတွင် ပုဂ္ဂလိက ရတနာကုန်သည်များ၏ ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တင်ဒါစနစ်

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ယနေ့နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ဆက်လက်ရောင်းချရာ ညနေ၄နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၅၇၄ တွဲ ရောင်းချရသည်။ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဇူလိုင် ၆ ရက်မှစတင်၍ ရောင်းချခဲ့ရာ ယနေ့အထိ သုံးရက်ပေါင်း ကျောက်စိမ်းအတွဲပေါင်း ၁၆၃၀ ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဝယ်ယူကြသည်။

ရောက်ရှိနေ

၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ ပြည်တွင်းနိုင်ငံသားရတနာကုန်သည် ၁၆၂၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၃၆၆ ဦး စုစုပေါင်း ရတနာကုန်သည် ၃၉၈၉ ဦးတို့ ရောက်ရှိနေကြသည်။ ပြည်ပမှရတနာကုန်သည်များသည် ဆက်လက်၍ ရောက်ရှိကြဦးမည် ဖြစ်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအချို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့ ရေကြီး၊ ရေလွှမ်းမိုးမှုများဖြစ်ပေါ်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့၌ ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်း သာကေတမြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ ရေကြီးရေလွှမ်းမှုကြောင့် စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားပေးခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအတွက် မြို့နယ်မှ တာဝန်ရှိသူများ၊ စေတနာရှင်များက ထမင်းထုပ်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စောင့်ကြည့်ကြပ်မတ်

အလားတူ မွန်ပြည်နယ် ရေးမြို့နှင့် သထုံမြို့တို့တွင် ချောင်းရေများ လျှံတက်ခဲ့ရာမှ လူနေအိမ်အချို့၏ ကြမ်းပြင်အထိ ရေနစ်မြုပ်ခဲ့သဖြင့် ရေဘေးသင့် အိမ်ထောင်စုအချို့အား ဘုန်းကြီးကျောင်းနှင့် အားကစားရုံတို့၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ယာယီ ရွှေ့ပြောင်းပေးထားကြောင်း၊ လမ်းပေါ်တွင် ရေများ မြင့်တက်နေသဖြင့် ယာဉ်များ သွားလာမှုအန္တရာယ်မဖြစ်စေရေးအတွက် မြို့နယ်မှ တာဝန်ရှိသူများက စောင့်ကြည့် ကြပ်မတ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်းရှိ ရထားသံလမ်းပေါ်သို့ ရေနစ်ပေခန့်မြင့်တက်ခဲ့သဖြင့် ထားဝယ်မြို့နှင့် ရေးမြို့အကြား ရထားခရီးစဉ်များကို ခေတ္တ ရပ်ဆိုင်းထားရကြောင်း၊ ထားဝယ်ခရိုင်အတွင်းရှိထားဝယ်-ရေးကားလမ်းပေါ်၌ ရေ သုံး/လေးပေခန့် မြင့်တက်ခဲ့သဖြင့် ထားဝယ်-ရန်ကုန်နှင့် ထားဝယ်-မြိတ် ခရီးစဉ် ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ရပ်နားထားရကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရန်ကုန်-မန္တလေး ကားလမ်းပိုင်းတချို့၌ ရေမြင့်တက်ခဲ့သော်လည်း ယာဉ်အသွားအလာ ရပ်ဆိုင်းမှုမရှိဘဲ ပုံမှန်သွားလာလျက်ရှိကြောင်း၊ ပဲခူးမြို့ပေါ်ရှိ စာသင်ကျောင်းအချို့အား ခေတ္တပိတ်ထားပေးခဲ့ပြီး လူနေရပ်ကွက်အချို့အတွင်း ရေများဝင်ရောက်မှုကြောင့် အိမ်ထောင်စုအချို့အား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ နေရာရွှေ့ပြောင်းပေးခဲ့ကာ လိုအပ်သည်များကို တာဝန်ရှိသူများက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေရာရွှေ့ပြောင်းပေး

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ မြို့ပေါ်ရပ်ကွက်ခုနစ်ရပ်ကွက်နှင့်ကျေးရွာ ၁၆ ရွာတို့ ရေကြီးရေနစ်မြုပ်မှုကြောင့် ရေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၊ ဟင်္သာတ မြို့နယ်၊ အင်္ဂပူမြို့နယ်၊ မအူပင်မြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့နယ်နှင့် လေးမျက်နှာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေကြီးရေလွှမ်းမိုးမှုကြောင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများအား နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် လောက်လေးချောင်းကျေးရွာအုပ်စု သဲဖျားကျေးရွာ၌ ဇူလိုင် ၆ ရက် နံနက်ပိုင်းက လေဆင်နှာမောင်း တိုက်ခတ်ခဲ့မှုကြောင့် လူနေအိမ်ခြေများ ပျက်စီးပြီး အိမ်ထောင်စု ၈၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ဂျိုးဖြူကျေးရွာအုပ်စု၊ ခြောက်တိုင်ကွေ့ကျေးရွာနှင့် ပဥ္စလှရွာသစ်တို့ရှိ လူနေအိမ်အချို့ပျက်စီးပြီး သစ်ပင်ပိသဖြင့် လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့၍ တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ထို့နောက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဗဟိုသမဝါယမအသင်းဒါရိုက်တာအဖွဲ့ဝင် ဦးစောအင်ဒရူးပန်းက ဖတ်ကြားသည်။

ဆက်လက်၍ သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်များမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ထူးချွန်ဆုရကျောင်းသူ ကျောင်းသားများ ကိုယ်စား သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ကျိကျင်း ယူဂါကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသရှိ ပတ်ထရိုချိုင်းနား ကုမ္ပဏီပိုင် ရေနံချက်စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မဂ္ဂါဝပ် ၆၀၀ ထုတ်ပေးနိုင်သော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ဗီယက်နမ်က ၂၀၁၀ ပြည့်နှစ်၌ အပြီးတည်ဆောက်မည်

ဟန္နိုင်း ဇူလိုင် ၈

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖုန်မြို့၌ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်၆၀၀ထုတ်လုပ်ပေးနိုင်သော ကျောက်မီးသွေးလောင်စာသုံး စက်ရုံတစ်ခုကို အမေရိကန်ဒေါ်လာ ၆၂၅ သန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အီကိုနောမစ် တိုင်းမ်သတင်းစာက ဇူလိုင် ၅ ရက်တွင် ဖော်ပြသည်။

အဆိုပါစက်ရုံကို ၂၀၁၀ပြည့်နှစ်၌ အပြီးတည်ဆောက်ပြီး စတင်လည်ပတ်နိုင်အောင် စီစဉ်ထားသည်။ ထိုစက်ရုံ တည်ဆောက်ပြီးစီးသွားပါက တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၃ ဒသမ ၆ ဘီလီယံခန့် ရယူသုံးစွဲနိုင်မည် ဖြစ်သည်။

တိုးမြင့်လာမည်

ထိုစက်ရုံကို ဗီယက်နမ်နိုင်ငံပိုင် ဗီယက်နမ် လျှပ်စစ်လုပ်ငန်းက ရင်းနှီးမြှုပ်နှံကာ တည်ဆောက်ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၇-၂၀၁၀ ကာလအတွင်း နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်မှုမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာမည် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် လိုအပ်သော လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် ရင်းနှီးမြှုပ်နှံမှုငွေ အမေရိကန်ဒေါ်လာဘီလီယံ၂၀ ခန့် လိုအပ်မည် ဖြစ်ကြောင်း၊ ဗီယက်နမ်သည် ၂၀၀၅ခုနှစ်က လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၄၀၀ သုံးစွဲခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်၌ မဂ္ဂါဝပ် ၂၅၀၀၀မှ ၂၆၀၀၀ အထိ သုံးစွဲရမည်ဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အရောင်းပြခန်းတစ်ခုတွင် ဆမ်ဆောင်း အီလက်ထရွန်နစ်ပစ္စည်းများအား အရောင်းမြှင့်တင်ရေး ဝန်ထမ်းများက ပြသနေသည်ကို ဇူလိုင် ၇ ရက်၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၃၆၀၅ဦး ရှိသွားပြီ

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ သံချပ်ကာကားဖျက် ခေတ်မီလမ်းဘေးဗုံး (အီးအက်ဖ်ပီ) တစ်လုံး ပေါက်ကွဲပြီးနောက် ယာဉ်ပေါ်လိုက်ပါသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၆ ရက်တွင် ကြေညာသည်။

ဖော်ပြထား

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဇူလိုင် ၆ ရက်က စစ်ဆင်ရေး ပြုလုပ်စဉ် ယင်းသို့ အီးအက်ဖ်ပီလမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်း ဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖျက်ဆီးပစ်နိုင်

ခေတ်မီ အီးအက်ဖ်ပီ လမ်းဘေးဗုံးသည် အာဘရမ်တင့်ကားအပါအဝင် အမေရိကန်သံချပ်ကာကားများကို ဖောက်ထွင်း ဖျက်ဆီးပစ်နိုင်အားရှိသည်ဟု သိရသည်။

၃၆၀၅ ဦးရှိ

၂၀၀၃ ခုနှစ်က အီရတ်စစ်ပွဲ ဖြစ်ပွားပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်းမှာ ဇူလိုင် ၇ရက်အထိ ၃၆၀၅ဦးရှိသွားပြီ ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပီရူး၌ အအေးလှိုင်းကျရောက်၊ ကလေး ၅၅ ဦးသေဆုံး

လီမာ ဇူလိုင် ၈

ပီရူးနိုင်ငံအတွင်း အအေးလှိုင်းကျရောက်မှုကြောင့် ကလေးငယ် ၅၅ဦး သေဆုံးခဲ့ကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

ကျဆင်း

ပီရူးနိုင်ငံအတွင်းရှိ ပူနို၊ အပူရာပက်စ်၊ အင်န်ကတ်ရှ်၊ ကာဂျမာကာနှင့် ကတ်စ်ကိုပြည်နယ်များ၌ အအေးလှိုင်း ကျရောက်မှုဒဏ် အဓိကခံစားခဲ့ရပြီး အပူချိန် ၂၀ ဒီဂရီဆဲလ်စီးရပ်အထိ ကျဆင်းသွားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီဂျစ်၌ ဖောက်ခွဲရေးပစ္စည်း တစ်တန်ကျော်ဖမ်းမိ

ကိုင်ရို ဇူလိုင် ၈

အီဂျစ်နိုင်ငံအတွင်း ဇူလိုင် ၅ ရက်က ပေါက်ကွဲစေသည့်ပစ္စည်း ၁ ဒသမ ၂ တန် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အဆိုပါဖောက်ခွဲရေးပစ္စည်းများမှာ ဂါဇာဒေသမှ မှောင်ခိုတင်သွင်းလာခြင်းဖြစ်သည်ဟု သံသယရှိကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ဖောက်ခွဲရေးပစ္စည်းများအား အယ်လ်အာရစ်မြို့ မြောက်ဘက် ကီလိုမီတာ ၆၀ အကွာ အယ်လ်ရီဒါမြို့အနီးမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဇွန်လအတွင်းကလည်း ဆီနာမြို့၌ ဖောက်ခွဲရေးပစ္စည်း တစ်တန်ကျော်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးရရှိ

ဆီနာမြို့နှင့် ဂါဇာနယ်စပ်အနီးရှိ လိုဏ်ခေါင်းများမှ ဖောက်ခွဲရေးပစ္စည်းများနှင့် ခဲယမ်းမီးကျောက်များအား မကြာခဏ အီဂျစ်ရဲတပ်ဖွဲ့က ဖမ်းဆီးရရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်နစ္စတန်၌ကားဗုံးခွဲတိုက်ခိုက် ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိ

ကဘူးလ် ဇူလိုင် ၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၌ ဇူလိုင် ၆ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ယခုဗုံးပေါက်ကွဲမှုမှာ ကဘူးလ်မြို့၌ ကင်းလှည့်နေသော အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အား ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

ယခုနှစ်၌ ဇမ်ဘီယာကုန်သွယ်ရေး တိုးတက်မည်

လူဆာကာ ဇူလိုင် ၈

ဇမ်ဘီယာနိုင်ငံအနေဖြင့် ယခုနှစ်၌ ကုန်သွယ်ရေးအမြတ်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဖီလစ်မူတာတီက ပြောကြားသည်ဟု ဒေးလီးမေးလ်သတင်းစာတွင် ဇူလိုင် ၅ ရက်၌ ဖော်ပြသည်။

မြင့်မားလာ

ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးကောင်းမွန်လာမှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း ဖီလစ်မူတာတီက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံအနေဖြင့် ယခုနှစ်၌ ကြေးနီထုတ်လုပ်မှု တန်ချိန်ခြောက်သိန်းကျော် ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားရာ ၂၀၀၆ ခုနှစ်က တန်ချိန်ငါးသိန်း ထုတ်လုပ်နိုင်မှုထက် ပိုမိုများပြားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဇမ်ဘီယာနိုင်ငံသည် ၂၀၀၆ ခုနှစ်က ကုန်သွယ်ရေးမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁၁၇၈ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း၊ ယင်းမှာ ပြည်ပသို့ ကြေးနီပိုမိုတင်ပို့နိုင်ခဲ့၍ ဖြစ်ကြောင်း မူတာတီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ဘတ်စ်ကားတိမ်းမှောက် ၁၄ဦးသေဆုံး

ဂျကာတာ ဇူလိုင် ၈

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ တောင်ဘက် ၃၇ မိုင်အကွာရှိ စီလိုတိုမြို့၌ ဇူလိုင် ၇ ရက်က ကျောင်းသားများတင်ဆောင်လာသော ဘတ်စ်ကား တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် အနည်းဆုံး ၁၄ ဦး သေဆုံးပြီး ၄၇ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အလျင်အမြန် တင်ပို့ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြု မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀နာရီက အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ ၂၁x၂၂ လမ်းကြားရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းတို့ တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ အခမ်းအနား ဖွင့်လှစ်ပြီးနောက် မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသူလေးများက မြန်မာ့အားမာန် တေးသီချင်းအား မြန်မာ့စောင်းဖြင့် တွဲဖက်သီဆိုဖျော်ဖြေကြသည်။

အမှာစကား

ထို့နောက် မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားသည်။ **(ယာပုံ)**

လက်ခံရယူ

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက အလှူငွေများပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ဝတ်ဆင်သရုပ်ပြ

ထို့နောက် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသရုပ်ပြပွဲကို ဆက်လက် ကျင်းပရာ အမျိုးသမီးငယ်လေးများက မြန်မာ့ရိုးရာ သတို့သမီး ဝတ်စုံများဝတ်ဆင်၍လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိုင်မသိမ်းဝတ်စုံများ ဝတ်ဆင်၍လည်းကောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ပွဲလမ်းသဘင်များနှင့် မင်္ဂလာ အခမ်းအနားပွဲတက်ဝတ်စုံများ ဝတ်ဆင်၍လည်းကောင်း၊ ပြည်တွင်းဖြစ် ချည်ထည်များနှင့် ပိုးထည်များ အသုံးပြု၍ ခေတ်မီယဉ်ကျေး လှပ သစ်ဆန်းသော ဝတ်စားဆင်ယင်မှုများဖြင့်လည်းကောင်း အသီးသီး ဝတ်ဆင်သရုပ်ပြကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ထို့နောက် ဇာတိမာန်တေးသီချင်းဖြင့် စုပေါင်းသီဆိုဖျော်ဖြေပြီးနောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်တာဝန်ရှိသူများက မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ အခမ်းအနားအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြသော လူပုဂ္ဂိုလ်များနှင့် ဝတ်စားဆင်ယင်မှု သရုပ်ပြကြသူများကို အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော အားဖြင့် စေတနာရှင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက လှူဒါန်းမှုမှာ ကျပ် ငါးသိန်းနှင့်အထက် အလှူရှင် ၁၀ဦး၊ ကျပ်နှစ်သိန်းနှင့်အထက် အလှူရှင် ၁၆ဦး၊ ကျပ်ငါးသောင်းနှင့်အထက် အလှူရှင် ၃၁ဦး၊ ကျပ်တစ်သောင်းနှင့် အထက် အလှူရှင်ရှစ်ဦးတို့က စုစုပေါင်းငွေကျပ် ၁၁၉၀၂၅၀၀ ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ အသိပညာပေး ဟောပြောပွဲအခမ်းအနား ကျင်းပ တိုင်းမှူး၏ဇနီး တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၏ဇနီး ဒေါ်ချယ်ရီသည် ဇွန် ၁၄ ရက် နံနက်၉နာရီခွဲက လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၏ ဇနီး ဒေါ်စုစုလှိုင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၏ဇနီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဝင် ခရိုင်ပညာရေးမှူး ဒေါ်တင်တင်အုန်းက အမျိုးသမီးရေးရာအဖွဲ့ အသင်းဝင်အဆိုပြုလွှာ ၁၀၀၀နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာ ၁၀၀၀ တို့အား ပေးအပ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက လက်ခံရယူသည်။ **(ဝဲပုံ)**

လက်ခံရယူ

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ချယ်ရီက ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် သွားတိုက်ဆေးများ ပေးအပ်လှူဒါန်းရာ ခရိုင် ပညာရေးမှူး ဒေါ်တင်တင်အုန်းနှင့် ကျောင်းသူများက လက်ခံရယူသည်။

အမှာစကားပြောကြား

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီက အသိပညာပေးဟောပြောပွဲဆိုင်ရာများနှင့် ပတ်သက်၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက ၂၀၀၆–၂၀၀၇ ခုနှစ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို မြို့နယ်ဥက္ကဋ္ဌက ဌာနဆိုင်ရာများသို့ တာဝန်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လက်ဖက်ရည်ဆိုင်မှ ဆူညံသံ နားမခံနိုင်

စာတည်းခင်ဗျား–

ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် အနောက်ဈေးဟောင်းလမ်းမှ လက်ဖက်ရည်ဆိုင် နှစ်ဆိုင်မှာ ဘောချင်းယှဉ်ဖွင့်ထားပြီး ကက်ဆက်နှင့် တီဗွီကို နံနက် ၆နာရီမှ ည ၁၁နာရီအထိ အပြိုင်အဆိုင် ဖွင့်ခြင်းကြောင့် ကျောင်းသူ ကျောင်းသားများ စာကျက်ရာတွင် အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ဖယောင်းညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်–

ရွှေဘိုမြို့နယ် အမှတ်(၉)ရပ်ကွက် သက်သာပန်းတောင်ရပ် အထက(၁) အရှေ့ဘက်ရှိ ဖယောင်းလုပ်ငန်းမှ ထွက်ရှိသော ညှော်နံ့များကြောင့် ကျန်းမာရေး ထိခိုက်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

ဗဟိုလမ်းမပေါ်မှ အမှိုက်များ ရှင်းလင်းပေးပါ

စာတည်းရှင့်–

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဗဟိုလမ်းနှင့် ဦးရေခဲလမ်းထောင့်ရှိ အမှိုက်ပုံမှ မိုးရေနှင့်အတူ စီးပါလာသော အမှိုက်များကြောင့် မြောင်းပိတ်ဆို့သည့်အပြင် အပုပ်နံ့များလည်း ထွက်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

နမ္မတီးမြို့ ဈေးရှေ့ကတ္တရာလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ကချင်ပြည်နယ် နမ္မတီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးရှေ့ကတ္တရာလမ်းပျက်စီးနေသည်မှာ ကြာမြင့်ပြီဖြစ်ပါ၍ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်များ

ကားဘော်ဒီရုံမှ ဆေးနံ့ထွက်ရှိမှု ဆောင်ရွက်ပြီးစီး

၁၄–၅–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်ကိုင်းမြို့ တကောင်းရပ် နယ်မြေ၂ရှိ ကားဘော်ဒီရုံနှစ်ရုံမှ ထုရိုက်သံနှင့် ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

လမ်းသွယ်များတွင် ရေပိုက်များ စစ်ဆေးပြီးစီး

၁၄–၅–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ဥက္ကလာပမြို့နယ် ၆ ရပ်ကွက် မင်းခေါင်(၂)လမ်းနှင့် အခြားလမ်းသွယ်များတွင် ရေပိုက်များစစ်ဆေးပေးပါ** ပေးစာနှင့် ပတ်သက်၍ စစ်ဆေးဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရပ်နားနေရာ ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၁–၅–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုဇွန်တောင်မြို့နယ် လမ်း၅၀ အထက်လမ်းတစ်လျှောက် ကားရပ်နားသည့်နေရာ ရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ယှဉ်ပြိုင်ကစား

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲတွင် (ဈ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ လယ်ယာ/ဆည်မြောင်း၊ ယဉ်ကျေးမှုနှင့် ပညာရေးတို့ အနိုင်ရ

နေပြည်တော် ဇူလိုင် ၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

နံနက် ၇နာရီခွဲပွဲ (ဈ)အုပ်စု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှစ်ဂိုး။
ဆောက်လုပ်ရေးဝန်ကြီးဌာန ဂိုးမရှိ။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄နာရီပွဲ (ဆ)အုပ်စု

ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်ဂိုး။
စီမံ/စီးပွားဝန်ကြီးဌာန တစ်ဂိုး။

လယ်ဝေးမြို့နယ်အားကစားကွင်း

ညနေ ၄ နာရီပွဲ (ဆ)အုပ်စု

ပညာရေးဝန်ကြီးဌာန ခြောက်ဂိုး။
တရားရုံးချုပ် ဂိုးမရှိ။

ယှဉ်ပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဇူလိုင် ၉ရက် နံနက် ၇နာရီခွဲ ပေါင်းလောင်း အားကစားကွင်းတွင် (က)အုပ်စုမှ ပို့ဆောင်ရေးနှင့် စက်မှု(၁)၊ ညနေ ၄နာရီ ပေါင်းလောင်းအားကစားကွင်း၌ (က)အုပ်စုမှ စက်မှု(၂)နှင့် သမဝါယမ။

ယှဉ်ပြိုင်ကစားကြမည်

အလားတူ ဇူလိုင် ၉ရက် ညနေ ၄နာရီ လယ်ဝေးမြို့နယ်အားကစားကွင်းတွင် (ခ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းနှင့် လဝကတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ အောင်ဆန်းကွင်း၌ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း(မြန်မာလိဂ်) ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၉ရက် (ယနေ့) **နှင့် ၁၀ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

ရှစ်သင်းတက်ရောက်

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဇွန်၁၆ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတို့၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲတွင် ၁၄သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယအဆင့်အုပ်စုပွဲစဉ်များသို့ ရှစ်သင်း တက်ရောက်လာကြသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် ပြည်ထဲရေး၊ Royal Eleven၊ တပ်မတော်(ကြည်း)၊ ကမ္ဘောဇ၊ ဘဏ္ဍာ/အခွန်နှင့် သစ်တောရေးရာအသင်းတို့ ပြိုင်ပွဲမှ ထွက်သွားကြရသည်။

အုပ်စုပွဲစဉ်

ဒုတိယအဆင့် အုပ်စုပွဲစဉ်သို့ စွမ်းအင်၊ စီးပွား/ကူးသန်း၊ မြန်မာ့မီးရထား၊ လယ်ယာ/ဆည်မြောင်း၊ မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးအသင်းတို့ တက်ရောက်လာကြသည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၂၉ရက်မှ ဇူလိုင် ၅ရက်အထိ အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတို့၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဒုတိယအဆင့်အုပ်စုပွဲစဉ်များအပြီးတွင် (ကက)အုပ်စုမှ စီးပွား/ကူးသန်းအသင်းက ပထမ၊ စွမ်းအင်အသင်းက ဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီး မြန်မာ့မီးရထားအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ပြိုင်ပွဲမှ ထွက်သွားရသည်။

ဂိုးကွာခြားချက်

(ခခ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ ပို့ဆောင်ရေးအသင်းက ဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီး မြို့တော်စည်ပင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ပြိုင်ပွဲမှထွက်သွားရသည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ ကာကွယ်ရေးဝန်ကြီးဌာနအသင်း အုပ်စုပထမ ရရှိခဲ့ခြင်းဖြစ်သည်။

စီးပွား/ကူးသန်းအသင်းသည် ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ မြန်မာ့မီးရထားအသင်းကို လေးဂိုး-ဂိုးမရှိ၊ လယ်ယာ/ဆည်မြောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ စွမ်းအင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အုပ်စုပထမ ရရှိခဲ့ခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် ပထမအဆင့် အုပ်စုပွဲစဉ်မှ ဒုတိယအဆင့်အုပ်စုပွဲစဉ်အထိ ခြောက်ပွဲကစားရာတွင် ရှုံးပွဲမရှိဘဲ ခြောက်ပွဲစလုံး အနိုင်ရရှိခဲ့သည်။

အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော လေးသင်းတွင် စီးပွား/ကူးသန်းအသင်းသာလျှင် ရှုံးပွဲမရှိသော အသင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းသည် ခြောက်ပွဲတွင် ၁၈ဂိုး သွင်းယူနိုင်ခဲ့ရာ တိုက်စစ်မှူး စထက်နိုင်ဝင်း တစ်ဦးတည်းက ရှစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တာဝန်ယူ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်း ဆပ်ကော်မတီ နာယကအဖြစ် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး၊ ဥက္ကဋ္ဌအဖြစ် ဦးနီပေါ(အင်ဂျင်နီယာချုပ်)၊ အတွင်းရေးမှူးအဖြစ် ဦးစန်းထွန်း(ဒုတိယအထွေထွေမန်နေဂျာ)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

စီးပွား/ကူးသန်းဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ နည်းပြအဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးစိုးမိုး၊ ဦးတင်လှိုင်နှင့် ဦးမျိုးထွန်းတို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** ဇော်မိုးထက်၊ သီဟစည်သူ၊ တင်ယု၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ ကျော်ကျော်ထွန်း၊ မျိုးဇော်ထွန်း၊ ချမ်းချမ်း၊ မန်းကျော်ထူး၊ ဇော်ခါး၊ ဇော်ဇော်အောင်၊ ကျော်ဇေယျ၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ ဝင်းသိန်းဦး၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ တင်မင်းထွန်း၊ မင်းကိုကို၊ ဘိုဘိုအောင်၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး၊ စထက်နိုင်ဝင်း၊ ကျော်ဇင်ဝင်း၊ ဗီဂျိမ်းဒွေး၊ ဟိန်းဇာထွန်းတို့ ပါဝင်ကြသည်။

ပွဲကြိုပြောကြား

လက်ရှိချန်ပီယံ စီးပွား/ကူးသန်းဘောလုံးအသင်း ဆပ်ကော်မတီ အတွင်းရေးမှူး ဦးစန်းထွန်း (ဒုတိယအထွေထွေမန်နေဂျာ)က "ကျွန်တော်တို့ အသင်းမှာ ပွဲပယ်ခံရသူနဲ့ ဒဏ်ရာရသူ မရှိတဲ့အတွက် လူစုံတက်စုံကစားနိုင်မှာပါ။ အားကစားသမားတွေကို အကြိုဗိုလ်လုပွဲဖြစ်တာနဲ့အညီ အားကစားစိတ်ဓာတ်အပြည့်နဲ့ကစားဖို့၊ ညစ်ကစားတာမျိုး၊ လူချကစားတာမျိုးမလုပ်ဖို့ မှာကြားထားပါတယ်။ အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်ကစားမှာပါ။ ဒုတိယအဆင့်ပွဲစဉ်တွေမှာ ကျွန်တော်တို့အသင်းကစားခဲ့တာ အားရစရာကောင်းပါတယ်။ ပို့ဆောင်ရေးကလဲ အသင်းကောင်းတစ်သင်းဆိုတော့ ခက်ခက်ခဲခဲ ကစားရမှာပါ။ ရှုံးတာ နိုင်တာကတော့ နည်းပရိယာယ်ကြွယ်ဝမှုအပေါ် မူတည်မှာပါ။ ဘာပဲဖြစ်ဖြစ် ပွဲကတော့ ကြည့်ကောင်းမှာသေချာပါတယ်"ဟု ပွဲကြိုစကားပြောကြားသည်။

ပို့ဆောင်ရေးအသင်းသည် ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာ၌ ဆောက်လုပ်ရေးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မြို့တော်စည်ပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပို့ဆောင်ရေးအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြို့တော်စည်ပင်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ သရေကျလျှင်ပင် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်မည်ဖြစ်သော်လည်း အနိုင်ရရှိအောင် ကစားခဲ့သည်။

တာဝန်ယူဆောင်ရွက်

ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းနိုင်ဦး၊ နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်၊ နည်းပြအဖြစ် ဦးညီညီထွန်း၊ လက်ထောက်နည်းပြများအဖြစ် ဦးဌေးမြင့်နှင့်ဦးမြလွင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** ဖြိုးမင်းမောင်၊ မြကိုမင်း၊ ရိုးရိုးထွန်း၊ **(နောက်တန်း)** ဇော်ရဲမောင်၊ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း၊ ဝင်းမင်းထွဋ်၊ သန်းဇော်ထိုက်၊ မျိုးမြင့်အောင်၊ ဘိုသန်း၊ **(အလယ်တန်း)** ကျော်ဒွန်း၊ ညွန့်ဝင်း၊ မျိုးမင်းလတ်၊ ထွန်းနောင်ဦး၊ ထက်အောင်၊ စောအောင်မျိုး၊ လှဖြိုး၊ သော်တာချိုလှ၊ အေးမင်းဝင်း၊ **(ရှေ့တန်း)** ပြည့်ဖြိုးဦး၊ မြတ်မင်းဦး၊ ခိုင်ဇော်ထွန်း၊ ညီညီအောင်၊ စောဇင်ဦး၊ အောင်ကျော်ဇံ၊ နန္ဒလင်းကျော်ချစ်၊ ဝေလင်းအောင်တို့ ပါဝင်ကြသည်။

ခြေစွမ်းပြနိုင်

ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းသည် ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ပို့ဆောင်ရေးအသင်းကို လေးဂိုး-နှစ်ဂိုး၊ မြို့တော်စည်ပင်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဆောက်လုပ်ရေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စုနောက်ဆုံးပွဲစဉ်၌ နိုင်နိုင်ရှုံးရှုံး အုပ်စုတက်မည်ဖြစ်၍ အရန်ကစားသမားအချို့ကို ပွဲထုတ်ကစားခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းသည် ယခုပြိုင်ပွဲ၌ သိသိသာသာ ခြေစွမ်းပြနိုင်ပြီး ပထမအဆင့် အုပ်စုပွဲစဉ်၌ ဘဏ္ဍာ/အခွန်အသင်းကို ဂိုးမရှိသရေ၊ ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဗိုလ်ကြီးသိန်းနိုင်၊ နည်းပြချုပ်အဖြစ် ဒုတိယအရာခံဗိုလ်အေးဝင်း၊ လက်ထောက်နည်းပြများအဖြစ် တပ်ကြပ်ကြီးအေးကြူနှင့် တပ်ကြပ်ကြီးကျော်ဝင်းတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် ကိုကိုအောင် **(ဂိုး)**၊ ထွန်းထွန်းလတ် **(ဂိုး)**၊ ခင်ဇော် **(ဂိုး)**၊ မောင်မောင်အောင်၊ ဇေယျာ၊ မင်းသီဟ၊ တိုးမြင့်လှိုင်၊ ဝင်းကိုကိုမြင့်၊ လှထွန်းအောင်၊ အောင်သူရဝင်း၊ ရင်မောင်သင်း၊ စန်းမောင်၊ ထွန်းမင်းနိုင်၊ အောင်ကိုမင်း၊ နေဝင်းအောင်၊ ရဲဝေယံစိုး၊ ဝင်းဇော်ထိုက်၊ သက်နိုင်ထွန်း၊ သက်ပိုင်ဦး၊ ကျော်မင်း၊ ညီညီထွေး၊ ဌေးအောင်၊ ဇော်မိုးဟိန်း၊ မင်းသိုက်အောင်၊ ဇော်ဇင်ထက်၊ ထွန်းထွန်းဦးတို့ ပါဝင်ကြသည်။

အုပ်စုဒုတိယ

စွမ်းအင်အသင်းသည် ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လယ်ယာ/ဆည်မြောင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မြန်မာ့မီးရထားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး စီးပွား/ကူးသန်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စုနောက်ဆုံးပွဲစဉ်၌ နိုင်နိုင်ရှုံးရှုံး အုပ်စုတက်မည်ဖြစ်၍ ဂိုးပြတ်ရှုံးသော်လည်း အုပ်စုဒုတိယရရှိခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်ဌေး၊ အုပ်ချုပ်သူအဖြစ် ဦးမြတ်စိုး၊ နည်းပြချုပ်အဖြစ် ဦးမျိုးဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးရွှေတင်နှင့်ဦးမြင့်ဆန်းတို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် ကျော်မင်းလှိုင် **(ဂိုး)**၊ အောင်ကျော်မိုး၊ ဇော်ထက်အောင်၊ မင်းမင်းထွန်း၊ ကျော်ခိုင်ဝင်း၊ ရန်နောင်စိုး၊ မျိုးဇော်ဦး၊ နိုင်ဝင်း၊ ဝေယံမောင်၊ စိုင်းထွန်းဝင်း၊ ဉာဏ်ထွန်းအောင်၊ ဉာဏ်လင်းထွန်း၊ စည်သူအောင်၊ အောင်ကျော်မျိုး၊ ကိုကိုမောင်၊ ထင်အောင်၊ စိုင်းသန်းအောင်၊ နိုင်လင်းထွန်း၊ အေးမိုး၊ ကျော်ဆန်းဝင်း၊ သူရကိုကို၊ ခရစ္စတိုဖာပေါလ်၊ အောင်ဆန်းဦး၊ ကျော်စိန်ဝင်း၊ ဝေမင်းဟန်၊ လင်းလင်းထွေးတို့ ပါဝင်ကြသည်။

ပွဲကြီးပွဲကောင်း

ဇူလိုင်၉ရက် **(ယနေ့)**တွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် ပို့ဆောင်ရေးအသင်း၊ ဇူလိုင်၁၀ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစတင်ချိန်မှာ ညနေ၃နာရီခွဲဖြစ်သည်။ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များသည် အစဉ်အလာရှိသောအသင်းများ ထိပ်တိုက်ဆုံတွေ့ခြင်းဖြစ်၍ ပွဲကြီးပွဲကောင်းများ ကြည့်ကြရမည်ဖြစ်ကြောင်း သတင်းစကားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး-ကိုထွေး

ကမ္ဘာတစ်လွှား အားကစား

ဗလင်စီယာသို့ ပြောင်းရွှေ့မည့် ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၈

မန်ယူနှင့် အာဆင်နယ်အသင်းတို့ကို ပြောင်းရွှေ့မည်ဟု သတင်းထွက်ပေါ်ခဲ့သော ပြင်သစ်နှင့် ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာသည် ယခုအခါ စပိန်ကလပ် ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ကစားတော့မည် ဖြစ်သည်။

ပျက်ပြယ်

အနယ်ကာအား အာဆင်နယ်အသင်းက မန်ယူထက် ဦးစွာခေါ်ယူရန် ကြိုးစားခဲ့သေးသော်လည်း နောက်ပိုင်းတွင် အာဆင်နယ်က ခရိုအေးရှားတိုက်စစ်မှူး ဆီးလ်ဗားကို ပြီးခဲ့သည့်သီတင်းပတ်က ခေါ်ယူခဲ့သဖြင့် ပျက်ပြယ်သွားခဲ့သည်။

ဆွေးနွေး

အနယ်ကာသည် ယခုအခါ ဗလင်စီယာအသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။ ဗလင်စီယာကလည်း အနယ်ကာကို ခေါ်ယူရန် စိတ်အားထက်သန်လျက်ရှိပြီး ဘော်လ်တန်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ကာ အပြီးသတ်စာချုပ် ချုပ်နိုင်ရန် ကြိုးစားသွားမည်ဟု ဆိုသည်။

ပြောကြား

ဗလင်စီယာအသင်းသည် စပိန်လာလီဂါ၌ ထိပ်တန်းအသင်း တစ်သင်းဖြစ်ကြောင်း လာလီဂါတွင် ဗလင်စီယာအသင်း အောင်မြင်မှုများရရှိအောင် မိမိကြိုးစားပေးသွားရန် ဆန္ဒရှိကြောင်း တိုက်စစ်မှူး အနယ်ကာက ပြောကြားသည်။

အနယ်ကာသည် စပိန်လာလီဂါနှင့် စိမ်းသူမဟုတ်ချေ။ လွန်ခဲ့သည့် ၁၉၉၉-၂၀၀၀ ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်၌ ပါဝင်ကစားခဲ့သူ တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဗလင်စီယာအသင်းနှင့်အတူ လာလီဂါပွဲများနွှဲရန် တစ်စုံတစ်ရာ အခက်အခဲရှိမည်မဟုတ်ကြောင်း ဗလင်စီယာကလပ်မှ တာဝန်ရှိသူများက ယုံကြည်ထားသည်။

ပြင်သစ်နိုင်ငံသား အနယ်ကာကို ၁၉၇၉ ခုနှစ် မတ် ၁၄ရက်၌ မွေးဖွားခဲ့သဖြင့် အသက် ၂၈ နှစ်အရွယ်ရှိသူဖြစ်ပြီး ပြင်သစ်ကလပ် ပီအက်စ်ဂျီ၌ စတင်ကစားခဲ့သူ တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

ပီအက်စ်ဂျီမှ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ လီဗာပူးအသင်းသို့ အငှားချထားခဲ့သဖြင့် ရောက်ရှိလာပြီး ပရီမီယာလိဂ် ၁၃ ပွဲ ကစားပေးခဲ့ရာ လေးဂိုးသွင်းယူနိုင်ခဲ့သည်။

ပြောင်းရွှေ့

ထို့နောက် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ မန်စီးတီးအသင်းသို့ ပေါင် ၁၃ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး ထိုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီ၌ မန်စီးတီးအတွက် ၃၈ပွဲ ကစားပေးခဲ့ရာ ၁၄ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် မန်စီးတီးအတွက် ပရီမီယာလိဂ်၌ ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့သလို အက်ဖ်အေဖလားပွဲစဉ်၌ လေးပွဲကစားပြီး လေးဂိုးသွင်းနိုင်ခဲ့သည်။ ယူအီးအက်ဖ်အေဖလား ငါးပွဲကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးခဲ့သဖြင့် ထိုနှစ်က မန်စီးတီးအတွက် စုစုပေါင်း ၂၅ ဂိုး သွင်းပေးနိုင်ခဲ့သည်။

ထို့နောက် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ထို့အတူ ပြင်သစ်ဘောလုံးအသင်းအတွက်လည်း နိုင်ငံတကာချစ်ကြည်ရေးပွဲများ ကစားပေးခဲ့ပြီး ဂိုးများလည်းသွင်းယူပေးနိုင်ခဲ့သည်။

ဘော်လ်တန်သို့ပြောင်း

အနယ်ကာသည် ဖီနာဘာချီအသင်းနှင့်အတူ၂၀၀၆-၂၀၀၇ဘောလုံးရာသီအစပိုင်းအထိ ကစားခဲ့ပြီးနောက် ဘော်လ်တန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ဘော်လ်တန်အသင်းသို့ ရောက်ရှိလာသော အနယ်ကာသည်

ဗလင်စီယာသို့ ပြောင်းရွှေ့ကစားမည့် ဘော်လ်တန်တိုက်စစ်မှူး အနယ်ကာ။
(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ဘောလုံးပွဲ ၃၅ ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုး သွင်းယူနိုင်ခဲ့သည်။

အနယ်ကာသည် ပြင်သစ်နည်းပြ ဂျက်ကွတ်စ်ဆန်တီနီနှင့် ဆက်ဆံရေး အဆင်မပြေသဖြင့် ပြင်သစ်ဘောလုံးလက်ရွေးစင်အဖြစ်မှ ၂၀၀၃ ခုနှစ်က အနားယူခဲ့သည်။ ပြင်သစ်အသင်းနှင့်အတူ ချစ်ကြည်ရေးပွဲစဉ်များ ကစားပေးခဲ့သော်လည်း နောက်ပိုင်း၌ ပြင်သစ်အသင်းမှ ခေါ်ယူခဲ့သဖြင့် ပြန်လည်ကစားခဲ့သည်။

ဝေဖန်

တိုက်စစ်မှူး အနယ်ကာသည် ဂိုးသွင်းစွမ်းရည် ထက်မြက်ဆဲဖြစ်သော်လည်း တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဘောလုံးဆုံးရှုံးမှုများသော တိုက်စစ်မှူး တစ်ဦးဖြစ်သည်ဟု ဝေဖန်ခံရသူ ဖြစ်သည်။

အနယ်ကာသည် အဝင်အထွက် ကြမ်းတမ်းစွာ ကစားတတ်ပြီး ပြိုင်ဘက်နောက်တန်းကို အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့သဖြင့်လည်း ဂိုးများစွာသွင်းယူနိုင်သူလည်း ဖြစ်သည်။ ယခုအခါ ဗလင်စီယာအသင်းက ခေါ်ယူရန် စီစဉ်နေပြီဖြစ်ရာ အနယ်ကာပြောင်းရွှေ့ရေးမှာ အနီးကပ်ဆုံးအနေအထား ရောက်ရှိနေပြီဖြစ်သဖြင့် အနယ်ကာကို ဗလင်စီယာ တိုက်စစ်မှူးအဖြစ် လာမည့်ဘောလုံးရာသီ၌ တွေ့မြင်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* ရှက်ဖီးအသင်းမှ ကလောဒီဒါ:ဗစ်အား ဒါဘီအသင်းက ပေါင်သုံးသန်းဖြင့် ခေါ်ယူစာချုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

* လီဗာပူးကစားသမား အလွန်ဆိုသည် ဘော်လ်တန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီ ဖြစ်သည်။

(အင်တာနက်)

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်အား မန်စီးတီး နည်းပြအဖြစ်ခန့်အပ်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၈

အင်္ဂလန်ဘောလုံးအသင်းနည်းပြဟောင်း ဆဗန်ဂိုရန်အဲရစ်ဆင်အား မန်စီးတီးအသင်းနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါအသင်းက ထုတ်ဖော်ပြောကြားသည်။

အဲရစ်ဆင်

မန်စီးတီးနည်းပြ ဖြစ်လာသော အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်။
(ဓာတ်ပုံ-အင်တာနက်)

သုံးနှစ်စာချုပ်

အသက် ၅၉ နှစ်ရှိ အဆိုပါ နည်းပြသည် မန်စီးတီးအသင်းနှင့် ပေါင်ကိုးသန်းတန်ဖိုးရှိ သုံးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

၎င်းအား ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်က မန်စီးတီးအသင်း အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ခဲ့ပြီးနောက် ခန့်အပ်လိုက်ခြင်းဖြစ်သည်။

မန်စီးတီးအသင်းနှင့် စာချုပ်အပြီး အဲရစ်ဆင်က မိမိအနေဖြင့် မန်စီးတီးအသင်းမန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ရာသီသစ်အစ ပြိုင်ပွဲများအတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ပထမအကြိမ်

ဆွီဒင်နိုင်ငံသား အဲရစ်ဆင်သည် မန်စီးတီးအသင်းသို့ ဇူလိုင် ၅ ရက်က ရောက်ရှိလာပြီး ကစားသမားများနှင့် တွေ့ဆုံကာ လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ ၎င်းသည် ၂၀၀၆ ကမ္ဘာ့ဖလားအပြီး အင်္ဂလန်အသင်း နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် နည်းပြအလုပ်ကို တာဝန်ယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဝင်ဘယ်ဒန်အမျိုးသားတင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒဲရား အနိုင်ရဗိုလ်စွဲ

ဝင်ဘယ်ဒန် ဇူလိုင် ၈

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ရော်ဂျာဖက်ဒဲရားနှင့် ရာဖေးလ်နာဒယ်လ်တို့ ဇူလိုင် ၈ရက်က ယှဉ်ပြိုင်ကစားရာ ရော်ဂျာဖက်ဒဲရားက အနိုင်ရရှိသွားသည်။

အနိုင်ရ

ဆွစ်ဇာလန် တင်းနစ်သမား ရော်ဂျာဖက်ဒဲရားသည် စပိန်တင်းနစ်သမား နာဒယ်လ်အား ၇-၆၊၄-၆၊ ၇-၆၊ ၂-၆၊ ၆-၂ ဖြင့် ငါးပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အနိုင်ရရှိကာ ဝင်ဘယ်ဒန် ဆုဖလားကြီးကို ရယူသွားခဲ့ပြီဖြစ်သည်။

ဝင်ဘယ်ဒန် အမျိုးသားတင်းနစ်ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသော ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒဲရား အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ရည်

ယခုနောက်ဆုံး ဗိုလ်လုပွဲသည် ခက်ခဲစွာယှဉ်ပြိုင်ခဲ့ရကြောင်း၊ နာဒယ်လ်သည်ကစားရခက်ခဲပြီး လက်ရည်တိုးတက်မှုအကောင်းဆုံး တင်းနစ်သမားတစ်ဦးဖြစ်ကြောင်း၊ မိမိအစွမ်းကုန်ကြိုးစားခဲ့ရကြောင်း ပွဲအပြီး၌ ရော်ဂျာဖက်ဒဲရားက ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

ယူကရိန်းတိုက်စစ်မှူး ဗိုရိုနင်အား လီဗာပူးအသင်း ခေါ်ယူမည်

လန်ဒန် ဇူလိုင် ၈

ယူကရိန်းတိုက်စစ်မှူး ဗိုရိုနင်အား လီဗာပူးအသင်းက ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြားသည်။

အသက် ၂၇နှစ်ရှိ လေဗာကူဆင်တိုက်စစ်မှူးသည် နွေရာသီတွင် လီဗာပူးအသင်းသို့ အလွတ်ပြောင်းရွှေ့လာမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလအတွင်း၌ လီဗာပူးက ကြေညာထားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် တစ်ဖက်အသင်း နောက်တန်းကို ထိုးဖောက်ကစားရာ၌ ထူးချွန်ပြောင်မြောက်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။

ယူကရိန်းတိုက်စစ်မှူး ဗိုရိုနင်။ (ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူး ဗိုရိုနင်သည် ကစားကွက်ကို ဖန်တီးပေးနိုင်သကဲ့သို့ ဂိုးများလည်း ကိုယ်တိုင်သွင်းယူနိုင်သည့် ကစားသမားဖြစ်ကြောင်း ဘင်နီတက်ဇ်က ဆက်လက်ပြောကြားသည်။

ဗိုရိုနင်သည် မိန့်ဇ်အသင်းသို့ မပြောင်းမီ ၁၅နှစ်သားဘဝကတည်းက မိုချန်ဂလာဘတ် အသင်း၌ ကစားခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၀၄ ခုနှစ်က လေဗာကူဆင်အသင်းသို့ပြောင်းလာပြီး ပွဲပေါင်း ၇၁ ပွဲ ပါဝင်ကစားခဲ့ကာ ၂၁ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် ၂၀၀၂ခုနှစ် မတ်လမှစပြီး ယူကရိန်းအသင်း၌ ပါဝင်ကစားခဲ့ရာ ပွဲပေါင်း ၄၄ပွဲတွင် ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဟသ်ာတမြို့နေ
ဦးထိုက်လွင်–ဒေါ်တင်တင်သန်းတို့၏သား
မိုလ်ကြီးစိုးသူရ (ကာကွယ်ရေးဝန်ကြီးဌာန)
B.Sc (Maths), DSA, M.Sc (Eng;) Maths. Y. U
နှင့်
ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)–ဒေါ်ခင်ချိုဝင်းတို့၏သမီး
မသော်သော်ဟံသာ (လ/ထမန်နေဂျာ၊ မြဝတီဘဏ်)
B.Sc (Hon.) M.Sc (Eng;) Maths. Y. U

တို့သည် ၈–၇–၂၀၀၇ရက်တွင် Royal Garden Restaurant ခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မိုလ်ကြီးစိုးသူရ–မသော်သော်ဟံသာ။

ဦးအောင်ဟိန်းကျော်

သီးသန့် တန်း ဖွင့်ပြီ

-Translation

အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်

၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်။ 392468, 095171841

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊လက်တွေ့သရုပ်ပြသင်ကြားသည်။သက်သာမှန်ကန်သောနှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေး ကူညီမည်။ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေကို အပြည့်အဝရရှိဖို့ "အောင်ချမ်းမြေ့"မှာ သင်တန်းတက်ကြစို့။

* အပတ်စဉ်(၁၃၇) **နှစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း
၂၄–၇–၂၀၀၇ စမည်။ **(အင်္ဂါ၊ ဗုဒ္ဓဟူး) (ကျန်ရက်များ ပိတ်ရက်)**
၂၆–၇–၂၀၀၇ စမည်။ **(ကြာသပတေး၊ သောကြာ) (ကျန်ရက်များ ပိတ်ရက်)**
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၃၈) **နှစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၂၈–၇–၂၀၀၇ စမည်။
စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

* အပတ်စဉ်(၁၃၉) **သုံးလသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၂၉–၇–၂၀၀၇ စမည်။
တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များ ပိတ်ရက်)
Section (1) AM 08:00 to 12:30 (၁၅)ဦး
Section (2) PM 12:30 to 05:00 (၁၅)ဦး

* အပတ်စဉ်(၁၄၀) **တစ်လအပြတ် အထူးသင်တန်း။**
ဆေးဝါးကျွမ်းကျင် အကူ/သူနာပြု အကူသင်တန်း ၃၀–၇–၂၀၀၇ စမည်။
တနင်္လာမှ သောကြာ နေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)
Section (1) AM 08:00 to 11:30 (၁၅)ဦး
Section (2) AM 09:00 to 12:30 (၁၅)ဦး
Section (3) PM 12:30 to 04:00 (၁၅)ဦး

အမှတ် ၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့်အလှိုင်းဗီးရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ဂမုန်းပွင့်ကုန်တိုက်အနီး။ ဖုန်း–၅၃၄၈၈၃၊ ၅၃၄၇၃၃၊ ၀၉–၅၁၇၅၂၈၅ (am-7:00 to pm-9:00) ပိတ်ရက်မရှိပါ။
http://www.acmnursingtraining.com

မှတ်ချက်။ ။ အထက်ပါသင်တန်း တည်ရှိရာနေရာမှလွဲ၍ မည်သည့်နေရာဒေသတွင်မှ **"အောင်ချမ်းမြေ့"** ဟူသောအမည်ဖြင့် ရုံးခွဲများ၊ သင်တန်းကျောင်းခွဲများ ဖွင့်လှစ်ထားရှိခြင်းမရှိပါ။ ၎င်းအပြင် မည်သည့်သင်တန်းကျောင်း၏လက်အောက်ခံသင်တန်းကျောင်း မဟုတ်ပါ။

ဓမ္မဘေရီအရှင်ဝီရိယ (တောင်စွန်း)
ဖောင်ဖျက်တိုက်ပွဲ နှင့်
မထေရ်မြတ်တို့စကားဝိုင်း (၄)
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၁၄၀၂၀၇
ထွက်ပြီ
ဖြန့်ချိရေး
ဂျာပြည့်စာအုပ်ဆိုင် – အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့်၊ ရန်ကုန်မြို့။ ဖုန်း – ၇၁၀၁၀၃
နယူးခေး – အမှတ် (၁၄၈)၊ လမ်း – ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၀၁၄၃၇ ၊ ၂၉၈၆၄၂

လေးဖြူ အငဲ မျိုးကြီး
အယ်လ်အိုင်အင်နဲ
ဗွီစီဒီကာရာအိုကေ ထွက်ပြီ

Mr. Guitar SUKI HOUSE
ဆူကီပွဲတော်
ဇူလိုင်လ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ
ဆူကီအမျိုးပေါင်း (၂၀၀) ကျော်ကို
မြန်မာကျပ်ငွေ ကျပ် ၄၀၀ မှ ကျပ် ၁၅၀၀ အတွင်း စတင်ရောင်းချပေးနေပြီ။
ပွဲတော်အတွင်း 20% DISCOUNT
ဆူကီ (Hotpot)အပြင် ယိုးဒယားဟင်းအမျိုးမျိုး တရုတ်ဟင်း အမျိုးမျိုး ရရှိနိုင်ပါသည်။

မိဘအမည်မှန်
မုဒုံမြို့ အထက(ခွဲ)ပိန္နဲတိုက် နဝမတန်း(ခ)မှ မသဇင်မိုးအောင်နှင့် သတ္တမတန်း(ဂ)မှ မောင်စည်သူအောင်၏ မိဘအမည်မှန်မှာ ဦးအောင်မျိုးနှင့်ဒေါ်ခင်မိုးဦးဖြစ်ပါကြောင်း။ **ဒေါ်ခင်မိုးဦး ၁၀/မဒန(နိုင်)၀၀၀၀၆၀။**

ရမှတ်ကောင်းရမည်
IELTS
Call;514273,Time

ပျောက်ဆုံးခြင်း
ယာဉ်အမှတ် ၃ခ/၅၀၈၉၏ အခွန်ကျေပုံစံ(၁)မူရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၇၂၂၄၃၉။**

Myanmar Voice
For Myanmar Life
Coming Soon

မှတ်သားဖွယ်ရာ မိုးရေချိန်

၈–၇–၂၀၀၇

မောင်တော
၄ ဒသမ ၇၇လက်မ
စစ်တွေ
၄ ဒသမ ၂၅လက်မ
ပုသိမ်
၄ ဒသမ ၂၁လက်မ
ကော့သောင်း
၃ ဒသမ ၄၆လက်မ
ခန္တီး
၂ ဒသမ ၃၃လက်မ
ဝိ
၂ ဒသမ ၃၃လက်မ

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Wisdom Power IT Co., Ltd. တို့ပူးပေါင်း၍ Diploma in IT သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း ကြေငြာပါသည်။

၁။ သင်တန်းအမည် --- Diploma in Information Technology
၂။ သင်တန်းအမှတ်စဉ် --- (၄)
၃။ သင်တန်းကာလ --- (၉)လ
၄။ သင်တန်းဖွင့်လှစ်မည့်နေ့ရက် ---- (၂၇)၊ ဇူလိုင်လ၊ ၂၀၀၇ ခုနှစ်
၅။ လက်ခံမည့်သင်တန်းသားဦးရေ --- သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
၆။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း - ၂၉၁၉၂၅

7DAY SPORTS journal

သင့်အတွက်
အသစ်လွင်ဆုံး၊ အလတ်ဆတ်ဆုံး၊ အပြည့်စုံဆုံး အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဗ္ဗာ့စုံလင်စွာ ဘောလုံးရေသအပြည့်ဖြင့် ယနေ့ထွက်ပြီ။

ထွက်ပြီ
Tel: 01-243 542
09-51-73255

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်နိုင်ငံ၌ ရေလွှမ်း၊ နေအိမ်များပျက်စီး

ဝါရှင်တန် ဇူလိုင် ၈

အမေရိကန်နိုင်ငံ ကင်ဆက်စ်မြို့တောင်ဘက် ၇၅မိုင်ခန့်အကွာ ဘာတက်စ်အရပ်တွင် မိုးရွာသွန်းမှုနှင့်မြစ်ရေလျှံမှုတို့ ဖြစ်ပွားသဖြင့် ဇူလိုင် ၈ရက်က ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ဝဲပုံ)**

နေအိမ်များပျက်စီး

ရေလွှမ်းမှုကြောင့် အဝေးပြေးမော်တော်ကားလမ်းများ ရေလွှမ်းနေသဖြင့် သယ်ယူပို့ဆောင်ရေးများ ပြတ်တောက်လျက်ရှိကြောင်း၊ ရေလွှမ်းမှုကြောင့် နေအိမ်များပျက်စီးကာ ဒေသခံပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ရေလွှမ်းမှုမှာ အချို့နေရာများ၌ ၁၀ပေခန့်အထိရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လိုသဖြင့် ပြည်မြို့နယ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်တစ်ဦးဖြစ်သူ ဦးခင်သိန်းသည် ဇွန် ၂၀ ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့သည်။

နုတ်ထွက်

ပြည်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းအနေဖြင့် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ပြည်၌ ကျင်းပ

ပြည် ဇွန် ၂၄

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက ပြည်မြို့ နဝင်းရပ်ကွက် ရွှေကူအခြေခံပညာမူလတန်းကျောင်း(၁)တွင် ကျင်းပရာ တိုင်းအဆင့်အထူးကုဆရာဝန်ကြီးများ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးသန်းဝင်းက အဖွင့်အမှာ စကားပြောကြားပြီး **(အပေါ်ပုံ)** အထွေထွေရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်ခင်အုန်းတင့်က မိုးရာသီတွင် အဖြစ်များတတ်သော ရောဂါများအကြောင်း ဟောပြောခြင်း၊ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန် ဒေါက်တာ ဒေါ်ခင်မေသင်းက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ဟောပြောခြင်း၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာဦးကျော်ဝင်းက စိတ်ကျန်းမာရေးအကြောင်း ဟောပြောခြင်းနှင့် ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ကြည်ကြည်ရွှေက သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သာစည်မြို့၌ တိုင်းရင်းဆေးဝါးဥပဒေ ရှင်းလင်း

သာစည် ဇွန် ၂၀

သာစည်မြို့နယ်၏ တိုင်းရင်းဆေးဝါး ဥပဒေ ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၁၀နာရီ ကကျင်းပရာ တိုင်းရင်းဆေး ဆရာများ၊တိုင်းရင်းဆေးဝါး နှင့်ပရဆေးရောင်းချသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယ တိုင်းရင်းဆေးမှူး ဦးဝင်းဇော်က တိုင်းရင်းဆေးဝါးဥပဒေကို ရှင်းလင်းပြီး တက် ရောက်လာသူများက တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့် လိုင်စင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များကို ဆွေးနွေးမေးမြန်းရာ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးက ပြန်လည်ရှင်းလင်းကြောင်း သိရသည်။ (အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

သီပေါ ဇွန် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်ကြည်နှင့် စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဒုတိယဦးစီးမှူး ဦးစိုင်းစိန်လင်းက ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများ ဖြစ်သော မူလတန်းကျောင်းသားကျောင်းသူ ၂၁ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့်လည်းကောင်း၊ အလယ်တန်း ၁၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်၃၀၀၀ကိုလည်းကောင်း၊ အထက်တန်းခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀ကိုလည်းကောင်း၊ တက္ကသိုလ်သို့ တက်ရောက်မည့် သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ကိုလည်းကောင်း၊ ချို့တဲ့နွမ်းပါး မိသားစု ငါးစုအတွက် တစ်စုလျှင်ငွေကျပ် ၅၀၀၀ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ကြည်**(အပေါ်ပုံ)**၊ စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဒေါ်ကျင်မြနှင့် ဒုတိယဦးစီးမှူးများ ဖြစ်ကြသော ဦးစိုင်းစိန်လင်းနှင့် ဦးထွန်းလင်းအောင်တို့က ဝန်ထမ်းမိသားစုများအား တစ်ဦးချင်း ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။

အဆိုပါနေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၄၉ ဦးအတွက် ငွေကျပ် ၁၅၅၅၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သထုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ရက်က မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခိုင်ခိုင်က အမှာစကား ပြောကြားစဉ်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

ဖလမ်းမြို့၌ ပင်မရေပိုက်လိုင်း ပြုပြင်အစားထိုး

ဖလမ်း ဇွန် ၁၀

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရေပေးရေး ခွင့်ပြုငွေကျပ် ၁၀၇၀၅၀၀ ဖြင့် ပင်မရေပိုက်လိုင်း ပြုပြင်အစားထိုး သွယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် ဖလမ်းမြို့မှ ခြောက်မိုင်ခွဲကွာဝေးသော ကျွန်ဇန်းစိမ့်စမ်းရေထွက် ပင်မပိုက်လိုင်းကို အစားထိုးပြုပြင်ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၁၇)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲ မတ္တရာမြို့၌ ကျင်းပ

မတ္တရာ ဇွန် ၈

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို မေ ၃၁ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှသိန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှဌေးက ဆေးလိပ်ကြောင့် ဖြစ်တတ်သော ရောဂါများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာရေးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မင်းတပ်မြို့ ခေါ်နူးသုမ်လမ်း ကတ္တရာခင်းရန်ကျောက်စီ

မင်းတပ် ဇွန် ၃၀

၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ စံပြရပ်ကွက် ခေါ်နူးသုမ်လမ်း ကတ္တရာလမ်းဖြစ်ရေးအတွက် ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၂၂ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ကြီးမြို့ အနောက်မြို့ပတ်လမ်းနှင့် ဆေးရုံလမ်းဘေး ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၃)ဦးအောင်စံသိန်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

စဥ့်ကိုင်၌ ပညာရည်ချွန်ဆုနှင့် ထောက်ပံ့ပစ္စည်းပေးအပ်

စဥ့်ကိုင် ဇွန် ၃၀

စဥ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာ ဘုန်းတော်ကြီးသင် အခြေခံပညာ မူလတန်းလွန်ကျောင်း ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ဝိဇ္ဇာလယနှစ်ထပ်ကျောင်းဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ကျေးရွာဥက္ကဋ္ဌက ပညာရည်ချွန်ဆုနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ၂၀၀၆-၂၀၀၇ခုနှစ် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကျေးလက်ကျန်းမာရေးမှူး ဒေါ်ခင်စမ်းအေးက ကျောင်းကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသားသီချင်းဖြင့် သီဆိုဖျော်ဖြေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအမှတ်စဉ်(၃၂) လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း အမှတ်စဉ်(၃၂)ကို ၂၉-၁၀-၂၀၀၇ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ၂နှစ်ဖြစ်ပါသည်။

၂။ ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်များမှ ၂၀၀၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့(B.com)နှင့် စာရင်းကိုင်ပညာဘွဲ့(B.Act) စာမေးပွဲကို ဖြေဆိုအောင်မြင်သူ (နောက်ဆက်တွဲ စာမေးပွဲများဖြင့် အောင်မြင်သူများမပါ) ပြည်ထောင်စုမြန်မာနိုင်ငံသားများသာ အဆိုပါသင်တန်းကို တက်ရောက်ခွင့် ရှိပါသည်။

၃။ တက်ရောက်လိုသူများသည် သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာနိုင်ငံစာရင်းကောင်စီရုံး (အမှတ်-၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း)တွင် ဝယ်ယူ၍ ၁၆-၇-၂၀၀၇ ရက်မှ ၃၁-၇-၂၀၀၇ရက်အတွင်း အထက်ဖော်ပြပါ မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ လျှောက်လွှာတင်သွင်းရမည်။

၄။ လျှောက်ထားသူ ကိုယ်တိုင်လာရောက်ပြီး အမျိုးသားမှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးလက်မှတ်ပြသ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) အခြေခံပညာအထက်တန်း အောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)
(ခ) ၂၀၀၅ခုနှစ် မတ်လတွင်ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့(B.com)ရ စာမေးပွဲနှင့်စာရင်းကိုင်ပညာဘွဲ့(B.Act)ရ စာမေးပွဲအောင်မြင်ကြောင်း ဘွဲ့လက်မှတ်၊ ဘွဲ့လက်မှတ်ယာယီထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
(ဂ) အဆင့်သတ်မှတ်ချက် လက်မှတ်(မူရင်းနှင့်မိတ္တူ)

၅။ ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို အထက်ဖော်ပြပါ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် ၂၅-၉-၂၀၀၇ရက်၌ ထုတ်ပြန်ကြေညာမည်။ ရွေးချယ်ခံရသူများသည် သင်တန်းကြေးများကို ၂၆-၉-၂၀၀၇ရက်မှ ၁၂-၁၀-၂၀၀၇ရက်အတွင်း ပေးသွင်းကြရမည်။

သိန်းမြင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံစာရင်းကောင်စီ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ် ၂၃၉(အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **တရားနိုင်** **နှင့်** ၁။ ဦးခင်မောင်တိုး ၂။ ဒေါ်ကြင်မေ **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၉၀ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဩဂုတ် ၁၃ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ အကွက်အမှတ် (၇၅၁/ခ၊ မြို့သစ်) ဦးပိုင်အမှတ်(၂၁၅) မြေကွက်အမှတ်(၂၁၅) မြေချိန်ဧရိယာ ဝ.၁၁မဝ၅၅ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇x၂၇)ပေရှိ နှစ်ထပ်တိုက်နှင့်တွဲလျက် (၂၇x၁၆)ပေရှိ တစ်ထပ်တိုက်အရောင်းဆိုင်၊ (၂၀x၂၄)ပေရှိ နို့ချက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၁၇၀)
ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇွန် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

အမှတ်-၂၀၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်၊ အင်္ဂါနေ့

Action အက်ရှင်ဂျာနယ် ထွက်ပြီ

- ပြည်တွင်းဈေးသုံးမှုကဏ္ဍတွင် သန့်ဗူးနှုန်းမတက်ရေး အလေးပေးဆောင်ရွက်သွားမည်
- ခြောက်သွေ့ဒေသများ စိမ်းလန်းစိုပြည်ရေး ဂျပန်က ကန်ဒေါ်လာ ၃-ဂ သန်းလှူဒါန်းမည်
- ၉၀ ကျော်အရွယ် ဖခင်အား အသက်ပေး၍ ကျေးဇူးပြုခဲ့သော သမီး
- အမျိုးသားများအတွက် City FM က ထုတ်လွှင့်မယ့် ကဏ္ဍသစ်
- မဟာလေ့ကျင့်ရေးမှူးမြို့သာကိုက်တဲ့ သရုပ်ဆောင် သျှားညီတို့ ပီသာနေ
- စွဲလမ်းခြင်းနောက်ကွယ်က မြသန္တာ
- အရိုးနဲ့ ကိုးရိုးကားရေး ဖြစ်စဉ်များ
- သုခ ကုသိုလ်ဖြစ်ဆေးခန်းတွင် အခမဲ့ဓာတ်ခွဲခန်းထပ်မံဖွင့်လှစ်
- Open City ကားတွင် သရုပ်ဆောင်မည့် ကင်မြောင်မင်း
- နာမည်ကြီး ဒီဇိုင်နာတို့ရဲ့လက်ရာတွေနဲ့ အမျိုးသားဓာတ်ပုံက ဝတ်စားဆင်ယင်မှုပြပွဲ
- သရုပ်ဆောင်ဂျိုလီ သရုပ်ဆောင်မှုကို ကျောခိုင်းတော့မည်
- သစ္စာနီ အောင်ခံမြင့် စံဇာဏီတို့ ၏ (၇) ရက်သားသမီးလေး စသည့် စွဲမက်ဖွယ်ရာကဏ္ဍစုံလင်စွာဖြင့် ...

Saysaryar media group
အမှတ်-၂၊ အင်းလေးရိပ်သာလမ်း၊ (၇)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၄၄၆၆

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါပုဂ္ဂိုလ်များမှမိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ ပြင်ဆင်ခွင့် ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅) ရက်အတွင်း ဤဌာနသို့ လျှောက်ထား ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးအောင်မြင့်	TGO-၁၀၇၂၃၅	၂၂၊ သုခလမ်း၊ ထောက်ကြန့် တိလောကရပ်ကွက်၊ မင်္ဂလာဒုံ	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ဆဲ
၂	ဦးစောစီးယ်လ် +၁	BY-၀၀၄၇၀၇	၁၂၃၅၊ ဝါခင်းတောင်ကျောင်းလမ်း၊ တောင်သူကုန်း၊ အင်းစိန်	(၂)ထပ်တိုက်+မြဲစည်းရိုး ဆောက်လုပ်ရန်
၃	ဦးမြင့်ဦး	CF-၀၃၂၄၉၆	၁၀၁၀၊ သုမေတ္တာလမ်း၊ ရွာမအရှေ့၊ အင်းစိန်	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၄	ဦးကျော်မင်း	MME-၆၄၅၇၉၆	၉၁၊မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်	မြဲစည်းရိုးကာရန်
၅	ဒေါ်ခင်မြိုင်	J/RGN-၀၅၂၀၄၁	၅၁၇၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်	(၂)ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၆	ဦးတင်ထူး	TKA-၀၇၂၀၅၈	၁၂၁၆/ကဒိုင်ရွှေဝါလမ်း၊၁၀/တောင်၊ သာကေတ	(၂½)ထပ်တိုက် ဆောက်လုပ်ရန်
၇	ဦးကျော်ကျော်	KMYT-၀၀၇၈၆၅	၁၆၉/ခ၊ဗေယျသိဒ္ဓိ(၄)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်	(၂)ထပ်အုတ်ညှပ်တိုးချဲ့ ပြင်ဆင်ဆဲ
၈	ဒေါ်အိအိမင်း	၉/မထလ(နိုင်) ၁၇၄၃၃၅	၄-၁၅၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်၊ အင်းစိန်	(၂)ထပ်တိုက်ဆောက် လုပ်ရန်
၉	ဒေါ်မိုးယုဝေ	၃/ဘအန(နိုင်) ၁၃၄၄၁၅	၆၂၇/ဂ၊ နီဗွာန်လမ်း၊ တောင်သုတ္တကုန်း၊ အင်းစိန်	(၂)ထပ်တိုက်+မြဲစည်းရိုး ဆောက်လုပ်ရန်
၁၀	ဒေါ်ယဉ်ယဉ်အေး	A/RGN-၀၁၇၈၆၈	၅၂၄၊ အဝေရာလမ်းသွယ်(၄)လမ်း၊ နံ့သာကုန်း၊ အင်းစိန်	(၁)ထပ်အုတ်ညှပ် ပြင်ဆင်ရန်
၁၁	ဦးမောင်နိုင်+၁	MYGN-၀၀၆၈၄၃	၈-A၊ ဦးအောင်ဘွင့်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း	မြဲစည်းရိုးကာရန်
၁၂	ဦးသော်ကိုကို	SCG-၀၀၇၄၀၃	၃၆၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း	(၂)ထပ်တိုက်ဆောက် လုပ်ရန်
၁၃	ဒေါ်ခင်စန်း	KMDE-၀၁၇၄၀၇	၂၃ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်	(၃)ထပ်တိုက်ဆောက် လုပ်ရန်
၁၄	ဒေါ်သီရိ	N/OKA-၀၅၈၃၈၈	၅၂၇၃၊ သုနန္ဒာလမ်းမ၊(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ	(၂)ထပ်အုတ်ညှပ်ပြင်ဆင် ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးခင်ဦး [၁၂/ဥကမ(နိုင်) ၁၅၁၇၁၆] နှင့် သက်ဆိုင်သူများနှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးစိုးဝင်း ၁၂/တမန(နိုင်)၀၈၉၇၉၂ ၏ ညွှန်ကြားပြောဆိုလွှဲအပ်ချက်အရ ဦးစိုးဝင်းသည် ဦးခင်ဦးထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ)၏ ၅-၁၀-၂၀၀၅ ရက်စွဲပါ စာအမှတ် (၅၂/၅၈ DB/ စည်ပင်-ယာ/အုံ)အရ မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၁-D) မြေကွက်အမှတ်(၄၄-၄၅) ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြယာကုန်းလမ်း၊ အမှတ်(၁၂၈/၁၃၀)ဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ (၈)ထပ်တိုက်၊ (၃)ခန်းတွဲ၏ မြေညီထပ်(ခြေရင်းခန်း) ရေ၊ မီးအစုံဆေးပါသုတ်ပြီး တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်၍ ဝယ်ယူထားပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းအပါအဝင် အဆောက်အအုံနှင့်စပ်လျဉ်း၍ ၂၃-၆-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ပါ ဦးကျော်လှ၏ တရားရုံးချုပ်ရှေ့နေ(၂၅၅၉)၊ ဦးချစ်လွင်၏ကြော်ငြာ စကားရပ် အကြောင်းအချက်များသည် ဦးစိုးဝင်းနှင့် ဦးခင်ဦးတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သရွေ့ ကန့်ကွက်ပါကြောင်း။

ဦးဇော်မင်း(ဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့)၊ တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၅ (အပေါ်ဆုံးထပ်) မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

အများသိစေရန် သတိပေးချက်

ပုသိမ်မြို့ (၄)ရပ်ကွက်၊ ကမ်းနားလမ်း၊ (၄၁)နေ ဦးသိန်းလွင်(ခ)ဦးဝင်းဗိုလ်၊ ၁၄/လပတ (နိုင်)၀၀၆၈၁၅နှင့် ဇနီးဖြစ်သူ ဒေါ်ကြည်ညွန့်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းအိုက်ပေါင်း [၁၄/မဂတ(နိုင်)၀၅၉၉၂၄]ထံမှ ဆားကြမ်းတစ်ပိဿာလျှင် ၁၆/ကျပ်နှုန်းဖြင့် သင်္ဘောဝမ်းထဲအရောက် ပိဿာချိန်(ဆယ်သိန်း)ရောင်းပေးမည်ဟု ပြောဆိုကာ ကျပ်သိန်း(၁၆၀) ရယူပြီး၊ ဦးစိုင်းအိုက်ပေါင်းအား ၎င်းပိုင်ဆိုင်သော (ဦးစိုးဟန်နှင့် ဦးစံမြ)အမည်ပေါက် ဆားဖိုဧရိယာ ၇၇ဒသမ၈၂ဧက၊ လပွတ္တာမြို့နယ် သဃ်န်းကြီးကျေးရွာ ကွင်းအမှတ် ၆၂၈(ခ)/၆၃၁ ရှိ ဆားကွင်းလုပ်ပိုင်ခွင့် (လန/၃၉) မူရင်းစာရွက်စာတမ်းများကို ယုံကြည်စေရန် စာချုပ်စာတမ်းပြုလုပ်၍ ပေးအပ်ခဲ့ပါသည်။ သို့သော်လည်း ဆားပိဿာ(၆)သိန်းပေးဆပ်ရန် ကျန်ရှိနေသေးသည့်အတွက် ဦးသိန်းလွင်ပိုင်သည့် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စု ဒမြချောင်းကျေးရွာရှိ ဆားကြမ်းများကို လည်းကောင်း၊ ယင်းဆားကွင်းများ၏ လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ဝယ်ယူလက်ခံခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်ဖြစ်သည့်အပြင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်နုနုဝင်း (LL.B)
တရားရုံးချုပ်ရှေ့နေ (၅၉၅၉)
၅၄၄ (က) ပိတောက်လမ်း
(၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)

အမည်ပြောင်း

အဖ ဦးခင်မောင်ဇော်၏ သမီးဖြစ်သူ အထက(၄) မြောက်ဥက္ကလာပ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မခိုင်သင်းနွယ်အား မခင်စန်းဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်စန်းဝေ။**

ဖခင်အမည်မှန်နှင့် အမည်ပြောင်း

အထက(၂) ဒဂုံ၊ သတ္တမတန်း (D)မှ မောင်အာကာမင်းမြတ်အား အာကာမြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၂/ဒဂန (နိုင်) ၀၁၇၀၂၅ ဖြစ်ပါကြောင်း။

ဆိုင်ခန်းငှားမည်

(ယနေ့ငှား နောက်နေ့ဖွင့်)

လူစည်ကားရာအရပ်(၂၅ပေ X ၇၅ပေ) အကျယ်ရှိ အဆင့်မြင့် ပြင်ဆင်ပြီး၊ စားသောက်ဆိုင်သုံး ပစ္စည်းများပါ တိုက်ခန်းငှားမည်။ ဈေးနှုန်း (ညှိနှိုင်း)

ဆက်သွယ်ရန်-
ဖုန်း-၀၉ ၅၀၀၄၇၄၈၊
၀၉ ၅၁၁၀၄၇၀။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်
၁၀-၇-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မြောင်းမြမြို့နယ်မြေတံတားရွာမှ ငွေကမ္ဘာ ဘဲမွေးမြူရေးလုပ်ငန်း)
၁၁:၃၀ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (အရဏ်ဦး၏ တေးသံကလေးများ- တက္ကသိုလ် ညိုသန့်)
၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ဟာသဖြင့်ပျော်ရွှင်သောဘဝကို တည်ဆောက်သူများ) (ကံချွန်)
၁၂:၂၀ ဇာတ်လမ်းပမာ နားဆင်စရာ (ဝေးလွင့်ခြင်း၏နောက်)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (မြန်မာ့ယဉ်ကျေးမှု အထိမ်းအမှတ် ကြာပွင့်များ) (ခင်ဇေ-စက်မှု)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ- Punctuation)

ညနေပိုင်း

၁၆:၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) တစ်နေ့တစ်လံ (ရွှေပြည်တန်အဖွဲ့)
(၂) တေးပန်လွှာ (မေတ္တာမွန်အဖွဲ့)
(၃) ဂုဏ်ဟူသည် (ဂီတတေးသံအဖွဲ့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ရိုးရာမပျက် ဆန်းသစ်တီထွင် လွန်းရာကျော်ချိတ်အဆင်)
၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု-မေလေး)
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ကျန်းမာရေးအသိ ကျေးလက်အသိ)
၁၉:၁၅ ကျန်းမာရေးနှင့်ဆေးပညာ (သန့်ရှင်းသောလက် ဆေးတစ်ခွက်)
၁၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) တေးဆိုမယ်(ညွန့်ဝင်း- အေဝမ်းတင်တင်လှ)
(၂) အသည်းထဲက ချစ်စကားတွေ (ကျော်ဟိန်း-မေရွက်ဝါ)
(၃) ချစ်ခြင်းအဓိပ္ပာယ် (တင်ဦးလေး-ကေဂျာနူး)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လိပ်ပြာလေးလို မောင်မဆိုးနဲ့ (နုနုလွင်)
(၂) မြကန်ထဲက လမင်းငယ် (မောင်မောင်မြတ်သွင်)
(၃) မာနလေးတင်းထားဦးမှ (ခနေဖြူ ညွန့်ညွန့်ရွှေ)

ပြည်သူများ ကျန်းမာရေးအသိပညာတိုးပွားပြီး အခြေခံကောင်းများ ရရှိရေး ပညာပေးအစီအစဉ်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ကလေးဆေးရုံကြီးနှင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတို့သို့ သွားရောက်၍ ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အဆောင်တာဝန်ခံ ဆရာဝန်များနှင့် တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲ ၁၆၃၀နှင့် ကျောက်မျက် ၂၇ တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ၏ ကျောက်မျက်အတွဲများရောင်းချပွဲသို့ လာရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကျင်းပရေး ဦးစီးကော်မတီနာယက သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ●

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် ပတ္တမြားအရိုင်းတုံးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအကြိုက်ဖြစ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၈

မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျင်းပရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲများကို ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည်များ ဤသို့စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြသည်ကို တွေ့ရသည်။ (မြန်မာ့အလင်း)

ကြည့်ရှုလေ့လာ

မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်နှင့် ကျောက်စိမ်းအရိုင်းတုံးများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေကြသော ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည်များအား စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ကြည့်ရှုခွင့်ပြုထားသဖြင့် နံနက် ၇ နာရီမှစတင်ကာ ကျောက်မျက်ကုန်သည်များ ကျောက်စိမ်းတုံးများကို လာရောက်ကြည့်ရှုနေကြပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐